# NATIONAL COMMUNITY DRIVEN DEVELOPMENT PROJECT

## Project No: H814-MM and IDA Credit no: 56870

## လူထုဗဟိုပြုစီမံကိန်း

## စီမံကိန်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု သုံးလပတ်အစီရင်ခံစာ
## ၂၀၂၀ပြည့်နှစ်   ဇန်နဝါရီလမှ  မတ်လ  အထိ

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ   ၁၀    ရက်)

List of Abbreviations and Acronyms

| | | |
|---|---|---|
| BER | - | Bid Evaluation Report |
| BG | - | Block Grant |
| BGA | - | Block Grant Agreement |
| CFA | - | Community Force Account |
| CDD | - | Community-driven Development |
| DRD | - | Department of Rural Development |
| DSW | - | Department of Social Welfare |
| ECOPs | - | Environmental Codes of Practice |
| EMP | - | Environmental Management Plan |
| EOI | - | Expression of Interest (procurement document) |
| ESMF | - | Environmental and Social Management Framework |
| GESI | - | Gender Empowerment and Social Inclusion |
| GWG | - | Gender Working Group |
| MEB | - | Myanmar Economic Bank |
| NOL | - | No-Objection Letter (WB document) |
| OM | - | Operation Manual |
| PSC | - | Performance Security Guarantee |
| PMIS | - | Project Management Information System |
| RFP | - | Request for Proposals |
| RFQ | - | Request for Quotations |
| TOF | - | Training of Facilitators |
| TTF | - | Training of Technical Facilitators |
| TOT | - | Training of Trainers |
| TS | - | Township |
| TTA | - | Township Technical Assistance |
| UTA | - | Union Level Technical Assistance |
| VL | - | Village Leader |
| VTDSC | - | Village Tract Development Support Committee |
| VPSC | - | Village Project Support Committee |
| VTD | - | Village Tract Development Plan |
| VTPSC | - | Village Tract Project Support Committee |

# မာတိကာ


စီမံခန့်ခွဲမှုအကျဉ်းချုပ်တင်ပြချက်

အဓိကအစီရင်ခံစာ

၁။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု ၅

၂။ ဘဏ္ဍာရေး ၈

၃။ အခြေခံအဆောက်အဦးနှင့်ဘေးကင်းလုံခြုံမှုဆိုင်ရာကိစ္စရပ်များ ၉

၄။ ဝယ်ယူရေးအခြေအနေ ၁၁

၅။ သင်တန်းပို့ချခြင်း ၁၆

၆။ စောင့်ကြည့်ကြီးကြပ်ရေး/သတင်းအချက်အလက်များစီမံခန့်ခွဲခြင်း ၁၉

၇။ သတင်းပြန်ကြားခြင်း ၂၁

၈။ ဝေဖန်အကြံပြုတိုင်ကြားမှုအားတုံ့ပြန်ဖြေရှင်းပေးမှု ၂၂

၉။ ကျား၊ မရေးရာနှင့်လူမှုရေးကျင့်ဝတ်ဆိုင်ရာကန့်သတ်ချက်များ ၂၃

၁၀။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း ၂၇

၁၁။ သိပညာနှင့် လေ့လာသင်ယူခြင်း ၂၉

၁၂။ စီမံခန့်ခွဲခြင်းနှင့်ကြီးကြပ်ပေးခြင်း ၃၀

၁၃။ ဆန္ဒအလျောက်မြေယာလှူဒါန်းမှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုအစီစဉ် ၃၀

၁၄။ သုံးလပတ်အတွင်းကြုံတွေ့ရသောအခက်အခဲများ ၃၁

၁၅။ ထောက်ပံ့လိုအပ်ချက်များ ၄၄

၁၆။ ပြည်နယ်/တိုင်းနှင့် မြို့နယ်များ၏ အကြံပြုချက်များ ၅၁

၁၇။ နောက်သုံးလပတ်အတွင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ၅၆

## စာရင်းဇယားများ၊ ကိန်းဂဏန်းအချက်အလက်ဖော်ပြမှုများ


ဇယား ၁: NCDDP စီမံကိန်းလုပ်ငန်းခွဲများအား (၃၁-၃-၂၀၂၀) အထိ ကဏ္ဍအလိုက် ခွဲဝေမှုပြဇယား

ဇယား ၂: ရလဒ်MatriX ညွှန်းကိန်းများအကျဉ်းချုပ်

ဇယား ၃: ကုန်ပစ္စည်းဝယ်ယူမှုဇယား(၃၁-၃-၂၀၂၀)

ဇယား ၄: တိုင်းဒေသကြီးရုံးများနှင့် ပြည်နယ်ရုံးများအလိုက် ဝန်ထမ်းများခန့်ထား/ဖွဲ့စည်းမှုများ၏ အခြေအနေ

ဇယား ၅: သင်တန်းပို့ချမှုပြီးစီးခဲ့သော ဇယား

ဇယား ၆: နည်းပညာအကြံပေးအဖွဲ့များ ငှားရမ်းမှုစာရင်း

ဇယား ၇: လက်ခံရရှိခဲ့သည့် အကြံပြုတိုင်ကြားချက်များအား မြို့နယ်နှင့်အမျိုးအစား အလိုက်ခွဲခြားတင်ပြမှု

ဇယား ၈: ထပ်မံလက်ခံရရှိခဲ့သော အကြံပြုတိုင်ကြားစာများ၊ သုံးလအတွင်း လက်ခံရရှိခဲ့သော အကြံပြုတိုင်ကြားစာများနှင့် တုံ့ပြန်ဖြေရှင်းမှုများ၏ အခြေအနေတင်ပြမှု

ဇယား ၉: သုံးလအတွင်း လက်ခံရရှိခဲ့သော အကြံပြုတိုင်ကြားစာများနှင့် တုံ့ပြန်ဖြေရှင်းမှုများ၏ အခြေအနေတင်ပြမှု

ဇယား ၁၀: ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေပြရလဒ်များ(ဆဋ္ဌမနှစ်)

ဇယား ၁၁: ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေပြရလဒ်များ(သတ္တမနှစ်)

ပုံ ၁ : ၂၀၁၉/၂၀ ခုနှစ် ဆဋ္ဌမနှစ် စီမံကိန်းစက်ဝန်း နှင့် သတ္တမနှစ် စီမံကိန်းစက်ဝန်းအတွက် ဆောင်ရွက်ရမည့် လုပ်ငန်း အစီအစဉ်များ

## စီမံခန့်ခွဲမှုအကျဉ်းချုပ်တင်ပြချက်

### ၁။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု

၁။ ပြည်ထောင်စုအဆင့် သုံးလပတ် လုပ်ငန်းတိုးတက်မှု အစီရင်ခံစာသည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့ မှ မတ်လ ၃၁ ရက်ထိ အကျုံးဝင်ပါသည်။ ဤအစီရင်ခံစာတွင် (က) ရလဒ်မူဘောင် နှင့် စီမံကိန်း လုပ်ငန်း အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ခြင်း တိုးတက်မှု (ခ) အကောင်အထည် ဖော်ဆောင်ရန် ကန့်သတ်ချက်များနှင့် ဘေးအန္တရာယ်များ (ဂ) ၂၀၂၀ခုနှစ်၊ ဒီဇင်ဘာလအထိ လာမည့် ၁၂လအတွက် လုပ်ငန်းအစီအစဉ်တို့၏ အဓိက အချက်များ ပါဝင်ပါသည်။ ပဉ္စမနှစ် စီမံကိန်း(၆၁)မြို့နယ်၊ ဆဋ္ဌမနှစ် စီမံကိန်း(၅၄)မြို့နယ်နှင့် သတ္တမနှစ် စီမံကိန်း(၃၆)မြို့နယ် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မြို့နယ်တို့၏ လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုတို့အား အောက်ပါအတိုင်း အကျဉ်းချုပ် တင်ပြအပ်ပါသည်-

### ပဉ္စမနှစ် မြို့နယ် ၆၁ မြို့နယ်

(က) **VDP** သတ်မှတ်ချက် ၁၁၅၂၄ရှိသည့်အနက် ၁၁၄၇၈ခုပြီးစီး၍ ၉၉.၆၀% ပြီးစီး ခဲ့ပါသည်။

(ခ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၉၀၈၃ခု ရှိသည့်အနက် ၉၀၈၃ ခုအား **TPIC**မှ အတည်ပြု ပေးနိုင်ခဲ့ပြီး ၁၀၀% ပြီးစီးခဲ့ပါသည်။

(ဂ) စီမံကိန်းလုပ်ငန်းခွဲ အသေးစိတ် စီမံချက်ချမှတ်ခြင်းအား လုပ်ငန်းခွဲပေါင်း ၉၀၈၃ ခုရှိသည့် အနက် ၉၀၇၃ ခု ပြီးစီး၍ ၁၀၀% ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(ဃ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၉၀၇၃ ခုအား(၁၀၀%) အကောင်အထည်ဖော် ဆောင်ရွက် နိုင်ခဲ့ပါ သောကြောင့် ၉၉.၈၈% ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(င) လုပ်ငန်းခွဲပေါင်း ၉၀၇၃ ခုအား အပြီးသတ်စစ်ဆေးဆောင်ရွက်ခြင်းလုပ်ငန်းအား ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(စ) လုပ်ငန်းခွဲပေါင်း ၉၀၇၁ ခုအား လူထုစစ်ဆေးပွဲပြုလုပ်နိုင်ခဲ့ပါသည်။

### ဆဋ္ဌမနှစ် မြို့နယ် ၅၄ မြို့နယ်

(က) **VDP** သတ်မှတ်ချက် ၁၀၁၆၆ခု ရှိသည့်အနက် ၁၀၁၂၀ ခုပြီးစီး၍ ၉၉.၅၄**%** ပြီးစီး ခဲ့ပါသည်။

(ခ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၈၆၇၀ ခု ရှိသည့်အနက် ၈၆၇၀ခုအား **TPIC**မှ အတည်ပြု ပေးနိုင်ခဲ့ပြီး ၁၀၀**%** ပြီးစီးခဲ့ပါသည်။

(ဂ) စီမံကိန်းလုပ်ငန်းခွဲ အသေးစိတ် စီမံချက်ချမှတ်ခြင်းအား လုပ်ငန်းခွဲပေါင်း ၈၆၇၀ခု ရှိသည့် အနက် ၈၄၅၅ ခု ပြီးစီး၍ ၉၇.၅၂ % ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(ဃ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၈၄၅၅ခု အား ၁၀၀%အကောင်အထည်ဖော် ဆောင်ရွက် နိုင်ခဲ့ပါသောကြောင့် ၉၇.၅၂ % ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(င) လုပ်ငန်းခွဲပေါင်း ၇၁၅၇ ခုအား အပြီးသတ် စစ်ဆေးဆောင်ရွက်ခြင်း လုပ်ငန်းအား ဆောင်ရွက် ပြီးစီးခဲ့ပါသည်။

(စ) လုပ်ငန်းခွဲပေါင်း ၇၀၇၃ခုအား လူထုစစ်ဆေးပွဲပြုလုပ်နိုင်ခဲ့ပါသည်။

**သတ္တမနှစ် မြို့နယ် ၃၆ မြို့နယ်**

(က) **VDP** သတ်မှတ်ချက် **၃၄၃၀** ရှိသည့်အနက် **၃၄၁၅**ခု ပြီးစီး၍ ၉၉.၆၀% ပြီးစီး ခဲ့ပါသည်။

(ခ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၃၂၀၇ခု ရှိသည့်အနက် ၃၁၂၁ ခုအား **TPIC**မှ အတည်ပြု ပေးနိုင်ခဲ့ပြီး ၉၇.၃၁% ပြီးစီးခဲ့ပါသည်။

(ဂ) စီမံကိန်းလုပ်ငန်းခွဲ အသေးစိတ် စီမံချက်ချမှတ်ခြင်းအား လုပ်ငန်းခွဲပေါင်း ၃၂၀၇ ခုရှိသည့် အနက် ၂၂၇၈ ခု ပြီးစီး၍ ၇၁.၀၃% ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(ဃ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၂၂၇၈ ခုအား(၁၀၀%) အကောင်အထည်ဖော် ဆောင်ရွက် နိုင်ခဲ့ပါ သောကြောင့် ၇၁.၀၃% ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(င) လုပ်ငန်းခွဲပေါင်း ၆၇ ခုအား အပြီးသတ်စစ်ဆေးဆောင်ရွက်ခြင်းလုပ်ငန်းအား ဆောင်ရွက် ပြီးစီးခဲ့ပါသည်။

(စ) လုပ်ငန်းခွဲပေါင်း ၄၄ ခုအား လူထုစစ်ဆေးပွဲပြုလုပ်နိုင်ခဲ့ပါသည်။

၂။ ယခုသုံးလပတ်အတွင်း ပဥ္စမနှစ် စီမံကိန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းခွဲ မပြီးဆုံးသေးသော မြို့နယ်(၃)မြို့နယ်၏ လုပ်ငန်းခွဲ(၂)ခုနှင့် လူထုစစ်ဆေးပွဲ ပြုလုပ်ရန် (၂)ခုကျန်ရှိ နေပါသည်။ လုပ်ငန်းခွဲ ကျန်ရှိ နေသော ဂွမြို့နယ်တွင် (၄)ခု၊ ပုဏ္ဏားကျွန်းမြို့နယ် တွင်(၇၁)ခု၊ သဲကုန်း မြို့နယ်တွင် (၅)ခုအား ဆက်လက် အကောင် အထည်ဖော် ဆောင်ရွက်နေပါ သည်။ ဆဌမနှစ်တွင် စီမံကိန်း လုပ်ငန်းခွဲပေါင်း ၈၆၇၀ခု အကောင်အထည်ဖော် ဆောင်ရွက်သည့် အနက် လုပ်ငန်းခွဲပေါင်း ၈၄၅၅ ပြီးစီး၍ ၇၀၇၃ လူထုစစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။ သတ္တမနှစ်တွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၃၂၀၇ခု အကောင်အထည်ဖော် ဆောင်ရွက်သည့်အနက် လုပ်ငန်းခွဲပေါင်း ၂၂၇၈ ပြီးစီး၍ ၄၄ လူထု စစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။ ဆဌမနှစ်အတွင်း အကောင်အထည် ဖော်ဆောင်ရွက်မည့် စီမံကိန်း လုပ်ငန်းခွဲ ဇယား(၁) ဖြင့် ဖော်ပြထား ပါသည်။

၃။ လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား ၁- လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား (၁) - လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ( လမ်းများ၊ တံတားများ၊ သဘော်ဆိပ်ခံ တံတား စသည်) တည်ဆောက်မှုများသည် ၆၃.၅၇% ထိတိုးတက်လာပါသည်။ ပညာရေး ၁၁.၈၅ % ၊ လူထု အထောက် အပံ့ဖြစ်သော လုပ်ငန်းများသည် ယခုနှစ် **ပဥ္စမ**နှစ် စီမံကိန်းအတွင်း ၇.၂၇% ထိတိုးမြင့် ဆောင်ရွက် လာပါသည်။ ထို့နောက်တွင် ရေရရှိရေးနှင်မိလ္လာ၊ အမှိုက်သန့်ရှင်းရေး ၈.၃၁ % ၊ လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဖြူးမှု ၇.၂၈ % တခြား **၁.၃၅** % နှင့် ကျန်းမာရေး ၀.၃၄ % ဆောင်ရွက်လျက်ရှိပါသည်။

## NCDDP ပဥ္စမနှစ်စီမံကိန်းအကောင်ထည်ဖော်ဆောင်ရွက်မှုအကျဉ်းချုပ် (၃၁-၃-၂၀၂၀)

| စီမံကိန်းဆောင်ရွက်မှုတွင် အရေးပါသော (အရေအတွက်) | ပထမ နှစ် ၂၀၁၃/ ၁၄ | ဒုတိယ နှစ် ၂၀၁၄/ ၁၅ | တတိယ နှစ် ၂၁၁၅/ ၁၆ | စတုတ္ထ နှစ် ၂၀၁၆/ ၁၇ | ပဥ္စမနှစ် ၂၀၁၇/၁၈ | | ဆဌမနှစ် ၂၀၁၈/၁၉ | | သတ္တမနှစ် ၂၀၁၉/၂၀ | | စုစုပေါင်း (ပ-ဆဌမ) |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | မြို့နယ်ပေါင်း ၆၁ | | | | | | ပေါင်း ၆၁ |
| | | | | | # | ပြီးစီးမှု % | # | ပြီးစီးမှု % | # | ပြီးစီးမှု % | |
| စီမံကိန်းမြို့နယ် | ၃ | ၉ | ၂၇ | ၄၇ | ၆၁ | | ၅၄ | | | | ၆၃ |
| ကျေးရွာအုပ်စု | ၇၂ | ၃၄၃ | ၁,၂၀၁ | ၂,၀၂၂ | ၂၅၉၉ | | ၂၅၉၉ | | ၉၅၉ | | |
| ကျေးရွာ | ၄၁၀ | ၁,၇၂၇ | ၅,၄၀၀ | ၈,၅၆၃ | ၁၁၆၆၂ | | ၁၁၆၆၂ | | ၃၈၂၅ | | |
| ရံပုံငွေလွှဲပြောင်းခြင်း | | | | | | | | | | | |
| ကျေးရွာအုပ်စုများ၏ ရံပုံငွေတောင်းဆိုမှု # | ၇၂ | ၃၄၃ | ၁,၁၉၆ | ၂,၀၀၅ | ၂၅၉၉ | ၉၈.၆၃ | ၁၄၆၅ | ၁၂.၀၈ | ၈၉၁ | ၄၁.၅၄ | |
| ကျေးရွာအုပ်စုများ ရန်ပုံငွေ လက်ခံရရှိမှု # | ၇၂ | ၃၄၃ | ၁,၁၉၆ | ၂,၀၀၅ | ၂၅၉၈ | ၉၉.၈၄ | ၁၂၉၅ | ၁၂.၀၈ | ၈၉၁ | ၄၁.၅၄ | |
| မြန်မာကျပ် (သိန်းပေါင်း) | ၁.၅၇ | ၁၀.၄၆ | ၃၅.၇၂ | ၆၇.၃၇ | **၈၇၁၃.၃** | | **၅၀.၉၃** | | ၄၁.၅၄ | | ၂၈၇.၃၁ |
| **VDP** ပြီးစီးမှု | ၃၉၂ | ၁,၇၀၁ | ၅,၂၆၁ | ၈,၂၄၀ | ၁၁၄၇၈ | ၉၉.၆၀ | ၁၀၁၂၀ | ၉၉.၅၄ | ၃၄၁၅ | ၉၉.၆ | ၃၇၀၆၅ |
| **TPIC** အတည်ပြုချက်ရရှိမှု | ၃၅၇ | ၁,၅၇၈ | ၄,၇၃၄ | ၇,၆၈၂ | ၉၀၈၁ | ၁၀၀ | ၉၀၈၃ | ၁၀၀ | ၃၂၀၇ | ၉၇.၃၁ | ၃၁၄၆၄ |
| အသေးစိတ် စီမံချက် ချမှတ်ခြင်း ပြီးစီးမှု | ၃၅၇ | ၁,၅၇၈ | ၄,၇၃၄ | ၇,၆၈၂ | ၉၀၆၉ | ၉၉.၈၆ | ၉၀၈၃ | ၉၁.၆၈ | ၂၂၇၈ | ၇၁.၀၃ | ၃၀၈၃၄ |
| တည်ဆောက်ရေး စီမံကိန်းခွဲ | | | | | | | | | | | |
| ၀ % | | | | | ၁၆ | ၀.၁၇ | ၁၄၅ | ၁.၅၉ | ၁၀၀၂ | ၃၁.၂၄ | ၉၈၆ |
| ၁%၅၀- | | | | | ၃၉ | ၀.၄၂ | ၁ | ၀.၀၀၁ | ၁၁၄၂ | ၃၅.၂၃ | ၁၆၀၃ |
| ၅၁%၇၅- | | | | | ၅ | ၀.၀၆ | ၂ | ၂.၀၀၂ | ၃၆၉ | ၁၁.၃၈ | ၅၈၄ |
| ၇၆%၉၀- | | | | | ၁၄ | ၀.၁၅ | ၉၀၈၀ | ၉၉.၉၇ | ၅၆၇ | ၁၇.၄၉ | ၉၄၄ |
| ၁၀၀% | ၃၅၇ | ၁,၅၇၈ | ၄,၇၃၄ | ၇၆၈၂ | ၉၀၀၇ | ၉၉.၁၈ | ၇၃၇၂ | ၈၅.၀၂ | ၂၁၀ | ၆.၄၈ | ၃၀၉၄၀ |
| ဘဏ္ဍာရေးဆိုင်ရာ စစ်ဆေးမှု | ၃၅၇ | ၁၅၇၈ | ၄,၇၃၄ | ၇၆၈၂ | ၈၉၉၂ | ၉၈.၆၈ | ၉၀၇၃ | ၉၉.၈၉ | **၆၇** | **၂.၂၁** | ၃၀၅၆၇ |
| **Social Audits** ပြီးစီးမှု | ၃၅၇ | ၁,၅၇၈ | ၄,၇၃၄ | ၇၆၈၂ | ၈၉၉၅ | ၇၇.၁၁ | ၉၀၇၁ | ၉၉.၈၇ | **၄၄** | **၁.၃၇** | ၃၀၄၆၃ |
| မြို့နယ်အဆင့် **MSRs** ပြီးစီးမှု | ၃ | ၉ | ၂၆ | ၄၇ | ၆၀ | | ၅၃ | | | | ၁၉၈ |
| **Union** အဆင့် **MSRs** ပြီးစီးမှု | ၁ | ၁ | ၁ | ၁ | ၁ | ၁ | **၁** | | | | ၇ |

၄။ ယခုသုံးလပတ်အတွင်း ပဉ္စမနှစ်စီမံကိန်းတွင် ပဉ္စမနှစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက် နေသည့်ကာလအတွင်း လုပ်ငန်းခွဲပေါင်း (၉၀၈၃)ခု ပြီးစီး၍ လုပ်ငန်းခွဲပေါင်း (၉၀၇၃)ခု အတွက် လူထုစစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။ ကျန်ရှိနေသော လုပ်ငန်းခွဲများအား ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

၅။ ယခုသုံးလပတ်အတွင်း ဆဋ္ဌမနှစ်စီမံကိန်းတွင် ဆဋ္ဌမနှစ်စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကာလအတွင်း လုပ်ငန်းခွဲပေါင်း (၈၆၇၀)ခု ပြီးစီး၍ လုပ်ငန်းခွဲပေါင်း (၇၀၇၃)ခု အတွက် လူထုစစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။ ကျန်ရှိနေသော လုပ်ငန်းခွဲများအား ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

၆။ ယခုသုံးလပတ်အတွင်း သတ္တမနှစ်စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကာလအတွင်း လုပ်ငန်းခွဲပေါင်း (၃၂၀၇)ခု ပြီးစီး၍ လုပ်ငန်းခွဲပေါင်း (၂၂၇၈)ခု အတွက် လူထုစစ် ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။ ကျန်ရှိနေသော လုပ်ငန်းခွဲများအား ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

၇။ စီမံကိန်းမြို့နယ်မှ တင်ပြလာသော အခက်အခဲများနှင့် ပံ့ပိုးပေးရန် လိုအပ်ချက်များ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရာတွင် တွေ့ရှိရသော အခက်အခဲများအား အောက်ပါအတိုင်း အကျဉ်းချုပ် တင်ပြအပ်ပါသည်-

- (က) မော်တော်ဆိုင်ကယ်များ၊ အပိုပစ္စည်းများ ဝယ်ယူရန် ခက်ခဲခြင်း၊ Computer Servicing ITကျွမ်းကျင်ပညာရှင် ခေါ်မရခြင်း မရှိသည့်အတွက် ခက်ခဲခြင်း၊
- (ခ) စီမံကိန်းမြို့နယ်များတွင် စာရေးကိရိယာများထားရှိရန် ဗိုင်တင်စင်များ လိုအပ်ခြင်း၊
- (ဂ) Tablet ပျက်စီးမှုကြောင့် M&E/MIS Update ပြုလုပ်ရန် ခက်ခဲခြင်းနှင့် Tabletများ Power Supplyပိတ်သွားပါသဖြင့် ပြန်ဖွင့်၍ မရသည့် အခက်အခဲ၊
- (ဃ) မြန်မာဘာသာဖြင် ဗွီနိုင်း(၃၅)စုံသာ လက်ခံရရှိပြီး (၉၃)ရွာရှိသည့်အတွက် လုံ လောက်မှု မရှိသည့် အခက်အခဲ(တွန်းဇံ)၊
- (င) စီမံကိန်း အထောက်အကူပြု စက်ကိရိယာများ ရှားပါးခြင်းကြောင့် လုပ်ငန်းခွဲများ သက်မှတ် ချိန်အတွင်း မပြီးစီးသည့်အခက်အခဲ။

**၂။ ဘဏ္ဍာရေး (ချေးငွေထုတ်ပေးမှုအခြေအနေ)**

၈။ ဆဋ္ဌမနှစ်စီမံကိန်းတွင် **block grants** စုစုပေါင်း မြန်မာငွေကျပ် ၉.၈၁၂ ဘီလီယံအား မြို့နယ် (၄၁) မြို့နယ်အား ထုတ်ပေးပြီး ဖြစ်ပါသည်။

**ဆက်လက်ဆောင်ရွက်ရန်အချက်များ**

- (က) ပြင်ဆင်ရမည့်ပုံစံများအား ပြင်ဆင်ခြင်း
- (ခ) စီမံကိန်းပြီးဆုံးသည့်မြို့နယ်များသို့ ကွင်းဆင်းစစ်ဆေးခြင်း

(ဂ)	လုပ်ဆောင်နေသော ကိစ္စရပ်များအား မြို့နယ်များနှင့် ချိတ်ဆက်ပြီး ဆက်လက်ဆောင်ရွက်မှုများ ပြုလုပ်ခြင်း

**<u>ဘဏ္ဍာရေးနှင့်ဆိုင်သော လုပ်ငန်းစဉ်</u>**

- ၂၀၁၉-၂၀ ခုနှစ် စုစုပေါင်း အသုံးစရိတ်များအား အောက်တွင်ဖေါ်ပြထားသည့်အတိုင်း ဖြန့်ဖြူးပြီး ဖြစ်သည်-

**FY 2019-20 (in MMK)**

| | | | EXPENSES | | | | % SPENT | VARIANCE | % |
|---|---|---|---|---|---|---|---|---|---|
| BY COMPONENT | ANNUAL BUDGET | QUARTER BUDGET | PREVIOUS QUARTER | CURRENT QUARTER | YEAR TO DATE | CUMULATIVE QUARTER VARIANCE | QUARTER | YEAR TO DATE | ANNUAL BUDGET UTILIZATION |
| COMP 1: BLOCK GRANT | 60,773,727,000 | 55,403,057,000 | 49,019,000,000 | 9,810,731,050 | 58,829,731,050 | (3,426,674,050) | 106% | 1,943,995,950 | 97% |
| COMP 2: FACILITIES & CAPACITY BLDG | 21,398,318,890 | 9,609,687,802 | 3,989,779,474 | 3,196,213,184 | 7,185,992,658 | 2,423,695,144 | 75% | 14,212,326,232 | 34% |
| COMP 3:KNOWLEDGE & LEARNING | 1,699,006,484 | 635,695,800 | 99,219,945 | 191,609,967 | 290,829,912 | 344,865,888 | 46% | 1,408,176,572 | 17% |
| COMP 4: INSTITUTIONAL SUPPORT | 8,339,872,865 | 2,663,166,715 | 1,081,864,762 | 838,047,166 | 1,919,911,928 | 743,254,787 | 72% | 6,419,960,937 | 23% |
| COM 5: EMERGENCY CONTIGENCY RESPONSE | | - | - | 19,434,524,392 | 19,434,524,392 | (19,434,524,392) | | | |
| **TOTAL** | **92,210,925,238** | **68,311,607,317** | **54,189,864,181** | **33,471,125,759** | **87,660,989,940** | **(19,349,382,623)** | **49%** | **23,984,459,690** | **95%** |

**၃။ ဘေးကင်းလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များ**

**ဘေးကင်းလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များလိုက်နာဆောင်ရွက်မှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်း**

၉။	လူထုဗဟိုပြုစီမံကိန်း စက်ဝန်း၏ သုံးလပတ်အတွင်း စစ်ဆေးတွေ့ရှိချက်များနှင့် အကြံပြုချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

လည်ပတ်ပြုပြင်ထိန်းသိမ်းရေးရန်ပုံငွေ(၅%+လုပ်ငန်းသုံးပိုငွေ+အသေးသုံးလက်ကျန်ငွေ)ဖြင့် ဆောင်ရွက်သည့် (ပင်လည်ဘူး၊စေတုတ္တရာ၊အမ်း၊ထန်းတပင်၊လေးမျက်နှာ၊ တပ်ကုန်း၊ ကွန်းစု၊ ကန်ပက်လက်၊နမ့်ဆန် ) မြို့နယ်များရှိ လုပ်ငန်းခွဲများအားလုံး (၁၀၀%) ဆောင်ရွက်ပြီး ဖြစ်ပါ သည်။

စီမံကိန်းမြို့နယ်များအားလုံးတွင် ရေအရည်အသွေးစစ်ဆေးမှု (water quality testing) ဆောင်ရွက်လျက်ရှိပြီး PC-21 တွင် Upload တင်နိုင်ရန် ညွှန်ကြားထားပြီး ဖြစ်ပါသည်။ မြို့နယ်များမှာ Reagent များကုန်နေသဖြင့် ရေစမ်းသပ်မှု မပြုလုပ်နိုင်သေးပါ။

သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စီမံကိန်းမြို့နယ် (၁၁) မြို့နယ်ရှိ လုပ်ငန်း ခွဲပေါင်း (၁၃) ခု ထိခိုက်ပျက်စီးခဲ့ပြီး စီမံကိန်းမြို့နယ် (၅) မြို့နယ်ရှိ လုပ်ငန်းခွဲပေါင်း (၇)ခု အတွက် ထောက်ပံ့ရန်ပုံငွေ ပံ့ပိုးပေးရန် ကမ္ဘာ့ဘဏ် မှ ကန့်ကွက်ရန်မရှိကြောင်းစာ (NOL) ရရှိရန် (၁၃.၃.၂၀၂၀) ရက်နေ့တွင် တောင်းခံထားပြီး ဖြစ်ပါသည်။

Conflict area များဖြစ်သော-

## လှိုင်းဘွဲ့မြို့နယ်

လှိုင်းဘွဲ့မြို့နယ်တွင် ယခုဒုတိယနှစ် စက်ဝန်းတွင် Conflict area ရှိ ကျေးရွာအုပ်စု(၂) အုပ်စု၊ ကျေးရွာ(၂၆) ရွာအား ထပ်တိုးဆောင်ရွက် ခွင့်ရရှိခဲ့ပြီး(၄) အုပ်စု၊ ကျေးရွာ (၂၆)ရွာမှာ တိုင်းရင်းသား အဖွဲ့အစည်း များနှင့် ညှိနှိုင်းဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ (KNU/ KNLA /DKBP ၎င်းတို့၏ Deep control Area များ၊ Land Mine Area)

## ကြာအင်းဆိပ်ကြီးမြို့နယ်

ကြာအင်းဆိပ်ကြီးမြို့နယ်တွင် နယ်မြေအခြေအနေအရ ကျေးရွာအုပ်စု(၁)အုပ်စု၊ ကျေးရွာ (၁၁) ရွာမှာ စီမံကိန်းဆောင်ရွက်နိုင်ခြင်း မရှိပါ။ (KNU ၎င်းတို့၏ Deep control Area များ)

## ဖားဆောင်းမြို့နယ်

ဖားဆောင်းမြို့နယ်တွင် ပထမနှစ်စက်ဝန်းမှ ယနေ့အချိန်အထိ ကျေးရွာအုပ်စု(၅)အုပ်စု၊ ကျေးရွာ(၄၀)မှာ တိုင်းရင်းသား အဖွဲ့အစည်းများနှင့် ညှိနှိုင်းသော်လည်း စီမံကိန်းဆောင်ရွက် နိုင်ခြင်း မရှိသေးပါ။ (KNPP ၎င်းတို့၏ Deepcontrolareaများ ရှိခြင်း၊ ကျေးရွာအချို့တွင် ၎င်းတို့၏ စခန်းများ ရှိခြင်း)

## ကျောက်ကြီးမြို့နယ်

ကျောက်ကြီးမြို့နယ်တွင် စီမံကိန်းဆောင်ရွက်ရန် ကျေးရွာအုပ်စု (၉)အုပ်စု၊ ကျေးရွာ (၁၇) ရွာ ကျန်ရှိပါသည်။ (ရွာတည်စဉ်က မြေရာကိစ္စ Issue များအတွက် KNU မှ ဆိုင်းငံ့ထားခြင်း)

## ရွှေကျင်မြို့နယ်

ရွှေကျင်မြို့နယ်တွင် စီမံကိန်းဆောင်ရွက်ရန် ကျေးရွာအုပ်စု (၁)အုပ်စု၊ ကျေးရွာ(၉)ရွာ ကျန်ရှိပါသည်။ ယခုအခါ ကျေးရွာအုပ်စု (၇)အုပ်စု၊ ကျေးရွာ(၁၃)ရွာ၊စီမံကိန်း လုပ်ငန်းခွဲ(၁၄)ခုအား လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း KNU မှ ဆိုင်းငံ့ထားပါသည်။ (KNU ၎င်းတို့၏ Deep control Area များတွင် ရှိခြင်း)

## ပုဏ္ဏားကျွန်းမြို့နယ်

ပုဏ္ဏားကျွန်းမြို့နယ်သည် လက်ရှိမြေပြင်အခြေအနေအရ ကျေးရွာ အုပ်စု(၆၀)အုပ်စု၊ ကျေးရွာ (၁၀၁) ရွာရှိ လုပ်ငန်းခွဲ (၁၀၉)ခု အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ၍ (၁၀၀%) ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းခွဲ (၁၀၇)ခုရှိပြီး ကျန်ရှိသည့် လုပ်ငန်းခွဲ(၂)ခုမှာ (၅၀%)အထက်ရောက်ရှိနေပြီး နယ် မြေလုံခြုံရေးပေါ်မူတည်၍ ဆောင်ရွက်လျက် ရှိပါသည်။

ပလက်ဝမြို့နယ်

ပလက်ဝမြို့နယ်သည် ကျေးရွာအုပ်စု(၉၄)အုပ်စု၊ စီမံကိန်းလုပ်ငန်းခွဲ ပေါင်း(၃၂၄)ခု ဆောင်ရွက်လျက်ရှိရာ (၁၉၁) ခုမှာ(၁၀၀%) ဆောင်ရွက်ပြီးဖြစ် ပြီးကျန်ရှိသည့် လုပ်ငန်းခွဲများအား နယ်မြေလုံခြုံရေးပေါ်မူတည်၍ ဆောင်ရွက်လျက်ရှိပါသည်။

## ၄။ ဝယ်ယူရေး အခြေအနေ

၁၀။ ပြည်ထောင်စုအဆင့်တွင် (၂၀၂၀ ခုနှစ်) ပထမသုံးလပတ်အတွက် ဝယ်ယူရေးလုပ်ငန်းများကို အပိုင်းနှစ်ပိုင်း ခွဲနိုင်သည်။ ပထမအကြိမ်လှုပ်ရှားမှုများသည် မတ်လကုန် ၂၀၁၉ ခုနှစ်တွင် ကျင်းပသော **ISM** ၁၈ တွင် ဆွေးနွေးပြီးဖြစ်ပါသည်။ အောက်ပါရည်ရွယ်ချက်များကိုလဲ နိုဝင်ဘာ ၂၀၁၉ တွင် ကျင်းပသော **ISM** ၁၉ တွင် သတ်မှတ် ဆွေးနွေးခဲ့ပါသည်။

မြို့နယ်သစ် (၁၃) မြို့နယ်အတွက် စီမံကိန်းတွင်ပါဝင်သော လိုင်းများမှအပ **PP**9 တွင် စီစဉ်ထားသည့်အတိုင်း ဝယ်ယူရေးလုပ်ငန်းစဉ်များကို ဆက်လုပ်ရန်။ **NCDDP** စီမံကိန်း ပြီးဆုံးသော မြို့နယ်များတွင် ကျန်ရှိနေသေးသော ပိုင်ဆိုင်မှုများကို အကဲဖြတ်ရန်။ မြို့နယ်များရှိ မြို့နယ်အဆင့် နည်းပညာအထောက်အကူပြုစွမ်းဆောင်ရည်အကဲဖြတ်ခြင်းအား လိုအပ်သော စာချုပ်များအတွက် အဆင့် ၁ နှင့် ၂ မှ အဆင့် ၃ နှင့် ၄ သို့တိုးချဲ့ရန်။ ဒုတိယလုပ်ရှားမှုမှာ မြို့နယ်အသစ် ၁၃ မြို့နှင့်အတူ **NCDDP** ကို တိုးချဲ့ရန်ပြင်ဆင်ခြင်း နှင့် **PP10** ၏ ပထမမူကြမ်း အား ပြင်ဆင်ခြင်းဖြစ်သည်။

ဤအစီရင်ခံစာသည် ပြည်ထောင်စုအဆင့်၌သာ ကန့်သတ်ထားသည်။ စတုတ္ထသုံးလပတ် အတွင်း မြို့နယ်နှင့် ကျေးရွာ အဆင့်အတွက် အစီရင်ခံရန် အခြားအချက်များမရှိပါ။

## ကန့်သတ်ချက်များ

အထက်တွင် ဖော်ပြထားသည့်လှုပ်ရှားမှုများသည် **Covid-19 Pandemic** အား တိုက်ဖျက်ရာ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှ ပြုလုပ်သောအစီအမံများကြောင့် နှောင့်နှေးနိုင်သည်။ ကျန်ရှိနေသေးသော **TTA** ၏ စွမ်းဆောင်ရည်အကဲဖြတ်မှုများကို ကွင်းဆင်းလေ့လာမှုများအစား စားပွဲတင်လေ့လာခြင်းဖြင့်အစားထိုးလိမ့်မည်ဟု ရှင်းရှင်းလင်းလင်းတွေ့မြင်နေရသည်။ အများပိုင် လေလံဖွင့်ပွဲများ၊ ကြိုတင်လေလံဆွဲခြင်း (သို့မဟုတ်) ကြိုတင် အဆိုပြုထားသော အစည်းအဝေး များနှင့်ညီလာခံများ၊ ကန်ထရိုက်ညှိနှိုင်းအစည်းအဝေးများ စသည်တို့ကိုလည်း **PP10** တွင် ဖော်ပြ ထားသော သတ်မှတ်ထားသည့် အချိန်ဇယားနှင့် နှိုင်းယှဉ်ပါက နှောင့်နှေးစေနိုင်သည့် သီးခြား လမ်းညွှန်ချက်များကို လိုက်နာနိုင်သည်။ **DRD** သည် **Covid-19** တိုက်ဖျက်ရေး၏ အကျိုးသက် ရောက်မှုကို တတ်နိုင်သမျှ အနည်းဆုံးဖြစ်စေရန် အစွမ်းကုန်ကြိုးပမ်းလိမ့်မည်။ သို့သော်၎င်း၏ ဝန်ထမ်းများနှင့် အတိုင်ပင်ခံများကို မလိုအပ်သော အန္တရာယ်များနှင့် မဖော်ထုတ်နိုင်ပါ။

## ဝယ်ယူရေးအစီအစဉ်

၁၁။ အစီရင်ခံသည့်ကာလအတွင်းတွင် ကုန်ပစ္စည်းများဝယ်ယူခြင်းလုပ်ငန်းပိုင်းမှ အောက်ဖော်ပြပါ လုပ်ငန်း များကို ဆောင်ရွက်ခဲ့ပါသည်-

(က) W3-Garage for new Office Buildingနှင့် W4 – Warehouse ဆောက်လုပ်ရေး တင်ဒါနှင့်ပတ်သက်၍ တင်ဒါတင်သွင်းသူများသို့ တင်ဒါလုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်ခြင်း မပြုတော့ပါကြောင်း (၁၈-၃-၂၀၂၀)ရက်နေ့တွင် စာအမှတ်၊ ၂၂၅/ဝယ်ဖြန့်-၂/ကျေးလက်(၈)ဖြင့် အကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။

(ခ) G-146 Life Jackets (300) Nos ပစ္စည်းဝယ်ယူရန်အတွက် တင်ဒါအောင်မြင်သော Forward General Trading Co.,Ltd မှ ပစ္စည်းများအား ပေးပို့ပြီးဖြစ်ပါသဖြင့် ကျသင့်ငွေ၏ (၉၀%)အား (၃-၃-၂၀၂၀)ရက်နေ့နှင့် ကျန်ငွေ (၁၀%)အား (၂၄-၃-၂၀၂၀)ရက်နေ့တွင် ထုတ်ပေးပြီး ဖြစ်ပါသည်။

(ဂ) G-147 Medical Kits (၆၀၀၁)စုံအတွက် ပစ္စည်းပေးသွင်းမှုနှင့် ပတ်သက်၍ ပစ္စည်းပေးသွင်းမှုအား (၃၀-၄-၂၀၂၀) ရက်နေ့ထိ နောက်ကျ၍ ပေးသွင်းခွင့်ပြုကြောင်း နှင့် နောက်ကျဒဏ်ကြေး ကင်းလွတ်ခွင့်ပြုကြောင်းကို ၂၄-၃-၂၀၂၀ ရက်နေ့တွင် စာအမှတ်၊ ၂၃၉/ ဝယ်ဖြန့်-၂/ကျေးလက်(၈)ဖြင့် အကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။

(ဃ) G-130 Maintenance and Repair Services of Motorbikes ပစ္စည်းအတွက် လုပ်ငန်းစဉ်အား အသစ်ထပ်မံခေါ်ယူသွားမည် ဖြစ်ပါသည်။

(င) မင်းတုန်းမြို့နယ် မော်တော်ဆိုင်ကယ်ပြင်ဆင်ခြင်းနှင့် ပတ်သတ်၍ ခွဲဝေပေးထားသော မော်တော်ဆိုင်ကယ်များအား ပြင်ဆင်ခွင့်ပြုရန် တင်ပြလာခြင်းအပေါ် ကုန်ကျငွေကျပ် ၂,၀၇၅,၀၀၀/- ဖြင့် ပြင်ဆင်ခွင့်ပြုကြောင်း (၃၀-၁-၂၀၂၀)ရက်နေ့တွင် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(စ) ပုဏ္ဏာကျွန်းမြို့နယ် Huawei Tablet (၁)လုံး ပျောက်ဆုံးမှုနှင့်ပတ်သက်၍ အသုံးပြုသူ ဦးတိုးတိုး၊ လူထုစည်ရုံးရေးမှူးမှ ပထမအရစ် (၁၀၀၀၀၀/-)အား ပေးလျော်ပြီး ဖြစ်ပါသည်။

(ဆ) ဧရာဝတီတိုင်းဒေသကြီးရုံးခွဲမှ Projector Screen(၁) ခု ပျက်စီးမှုနှင့်ပတ်သက်၍ ကျေးလက်ဦးစီးဌာန(ရုံးချုပ်)တွင် အသစ် (၁)ခု လာရောက်ထုတ်ယူရန် (၂၉-၁-၂၀၂၀) ရက်နေ့တွင် အကြောင်းကြားထားပြီး (၁၁-၂-၂၀၂၀)ရက်နေ့တွင် အသစ်ထပ်မံ ထုတ်ယူပြီး ဖြစ်ပါသည်။

(ဇ) ပေါင်မြို့နယ် သင်ပေါင်းချောင်းကျေးရွာ စာသင်ကျောင်းဆောက်လုပ်မှုနှင့်ပတ်သက်၍ ကြော်ငြာခဲ့သော်လည်း တင်ဒါတင်သွင်းသူမရှိပါသဖြင့် ဒုတိယအကြိမ် ထပ်မံကြော်ငြာရန် (၂၇-၁-၂၀၂၀)ရက်နေ့တွင် အကြောင်းကြားထားပြီး ဆောက်လုပ်ရေးအဖွဲ့

ဖွဲ့စည်း ဆောင်ရွက်နိုင်ရန်အတွက် ၁၆-၃-၂၀၂၀ ရက်နေ့တွင် စာအမှတ်၊ ၂၀၆/ဝယ်ဖြန့်-၂/ကျေးလက်(၈) ဖြင့် အကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။

(ဈ) ပင်လည်ဘူးမြို့နယ်မှ Dell Tablets (၄)လုံး ပျောက်ဆုံးမှုနှင့် ပတ်သက်၍ ၁၄၈,၇၇၈.၂/- အား (၈-၁-၂၀၂၀)ရက်နေ့တွင် ပေးလျော်ပြီး ဖြစ်ပါသည်။

(ည) ဝွမြို့နယ်မှ Huawei Tablet (၁)လုံး ပျောက်ဆုံးမှုအတွက် ပေးလျော်ခြင်းအား (၆)လအတွင်း အရစ်ကျပေးချေမှုမှာ (၂၆-၃-၂၀၂၀) ရက်နေ့တွင် အပြည့်အဝ ပေးသွင်းပြီး ဖြစ်ပါသည်။

(ဋ) ပျဉ်းမနားမြို့နယ် မော်တော်ဆိုင်ကယ် ပြင်ဆင်ရန် လိုအပ်မှုနှင့် ပတ်သက်၍ ကုန်ကျစရိတ် ၈၅၈,၀၃၆/- အား ပြင်ဆင်ခွင့်ပြု ကြောင်းကို (၅-၁-၂၀၂၀)ရက်နေ့တွင် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဌ) ချောင်းဆုံမြို့နယ်မှ Samsung Tablet (၁)လုံး ပျက်စီးမှုနှင့် ပတ်သက်၍ ကုန်ကျငွေကျပ် ၂၈၂,၉၅၁.၆၅/- အား အသုံးပြုသူ လက်ထောက်နည်းပညာမှူး ဦးဝင်းထွဋ်အား ပေးလျော်စေရန် (၁၅-၁-၂၀၂၀)ရက်နေ့တွင် အကြောင်းကြားခဲ့ရာ (၂၂-၁-၂၀၂၀) ရက်နေ့တွင် ပြည့်အဝပေးလျော်ပြီး ဖြစ်ပါသည်။ လူထုဗဟိုပြုစီမံကိန်းရုံးမှ ပြုပြင်ရန် ပေးပို့ထားသည့် Samsung Galaxy Tab S2 Tablet(၃)လုံးမှာ ပြုပြင်ပြီးဖြစ်ပါသဖြင့် လူထုဗဟိုပြုစီမံကိန်း (ရုံးချုပ်၊ ဝယ်ယူရေးဌာနခွဲ)သို့ လာရောက်ထုတ်ယူနိုင်ရန် အတွက် ပြုပြင်ကုန်ကျစရိတ် ပြေစာနှင့်အတူ ၁၉-၃-၂၀၂၀ ရက်နေ့တွင် Email ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဍ) ညောင်ဦးမြို့နယ် ရေစမ်းကိရိယာပျက်စီးမှုအတွက် ပြင်ဆင်ခွင့်ပြုကြောင်းနှင့် ကုန်ကျစရိတ်အား စီမံကိန်းရန်ပုံငွေမှ ကျခံရန် (၁၅-၁-၂၀၂၀)ရက်နေ့တွင် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဎ) တနင်္သာရီမြို့နယ်မှ ဖုန်း (၁)လုံး ပျောက်ဆုံးမှုနှင့် ပတ်သက်၍ ဆင့်မအရစ် ကျပ် ၃၂၆၀၀/- အား ၃၁-၁-၂၀၂၀ ရက်နေ့တွင် ပေးသွင်းပြီး ဖြစ်ပါသည်။

(ဏ) ငပုတောမြို့နယ်မှ Samsung Tablets (၂၂)လုံးအနက်မှ မြို့နယ်လိုအပ်ချက်အရ (၁၅)လုံး ပြင်ဆင်ခွင့်ပြုကြောင်း (၁၃-၂-၂၀၂၀)ရက်နေ့တွင် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(တ) တတိယနှစ်စီမံကိန်းစက်ဝန်းမြို့နယ်မှ မော်တော်ယာဉ်များ လာရောက်အပ်နှံရန် (၂၁-၂-၂၀၂၀) ရက်နေ့ စာအမှတ်၊ ၁၆၁/ ဝယ်ဖြန့်-၂/ ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီးဖြစ်ပြီး လာရောက်အပ်နှံပြီး ဖြစ်ပါသည်။

(ထ) ကျောက်ကြီးမြို့နယ်မှ Sharp အမျိုးအစား မိတ္တူကူးစက်အား ခန့်မှန်း ကုန်ကျ စရိတ် ၄၆၅,၀၀၀/-ဖြင့် ပြင်ဆင်ခွင့်ပြုကြောင်းကို ၂၁-၂-၂၀၂၀ ရက်နေ့ စာအမှတ်၊ ၁၆၃/ ဝယ်ဖြန့်-၂/ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဒ) စီမံကိန်းပြီးဆုံးသည့်မြို့နယ်များသို့ ပုံသေပိုင်ပစ္စည်းခွဲဝေချထားမှုနှင့် ပတ်သက်၍ ဖြန့်ဝေပြီးစီးမှုအခြေအနေအား ပြန်လည်တင်ပြနိုင်ရန် (၁၉-၂-၂၀၂၀)ရက်နေ့ စာအမှတ်၊ ၁၅၂/ဝယ်ဖြန့်-၂/ ကျေးလက် (၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဓ) မတူပီမြို့နယ်မှ Samsung Tablet (၁)လုံးပျက်စီးမှုနှင့်ပတ်သက်၍ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် Huawei Tablet (၁)လုံး အစားထိုး ထုတ်ပေး မည်ဖြစ်ကြောင်းကို ၂၀-၂-၂၀၂၀ ရက်နေ့ စာအမှတ်၊ ၁၅၆/ ဝယ်ဖြန့်-၂/ကျေးလက် (၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(န) စစ်ကိုင်းတိုင်းဒေသကြီးမှ Samsung မိတ္တူကူးစက်အား ပြင်ဆင်ခွင့်ပြုကြောင်းကို ၁၃-၂-၂၀၂၀ ရက်နေ့ စာအမှတ်၊ ၁၄၂/ ဝယ်ဖြန့်-၂/ကျေးလက်(၈)ဖြင့် အကြောင်းကြား ထားပြီး ဖြစ်ပါသည်။

(ပ) တနသ်ာရီမြို့နယ်မှ Tablet(၁၀)လုံး ပျက်စီးမှုအတွက် မှန်ကွဲ(၄)လုံးအား ကျခံသူမှ ကျခံရန်နှင့် Battery Error(၆)လုံးအား စီမံကိန်းမှ ကျခံသွားရန် ၁၃-၂-၂၀၂၀ ရက်နေ့ စာအမှတ်၊၁၄၄/ ဝယ်ဖြန့်-၂/ ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဖ) သဲကုန်းမြို့နယ်မှ မိတ္တူကူးစက် (၁)လုံး လိုအပ်မှုနှင့်ပတ်သက်၍ Toshiba မိတ္တူကူး စက်(၁)လုံး လာရောက်ထုတ်ယူရန် ၂၁-၂-၂၀၂၀ ရက်နေ့ စာအမှတ်၊ ၁၆၄/ဝယ်ဖြန့်-၂/ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဗ) ပျဉ်းမနားမြို့နယ်မှ မော်တော်ယာဉ်အတွက် လိုအပ်သော အပိုပစ္စည်း လဲလှယ်ရန် ခန့်မှန်းကုန်ကျစရိတ် ၂၈၅,၀၀၀/- ဖြင့် လဲလှယ် ခွင့်ပြုပါရန် တင်ပြလာမှုအား ခွင့်ပြု ကြောင်းကို ၂၈-၂-၂၀၂၀ ရက်နေ့ စာအမှတ်၊ ၁၇၅/ ဝယ်ဖြန့်-၂/ ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဘ) ကျောက်တန်းမြို့နယ်မှ စီမံကိန်းလုပ်ငန်းသုံး မော်တော်ဆိုင်ကယ် Handa 125cc (၉)စီးအား ပြင်ဆင်ခွင့်ပြုရန် တင်ပြလာခြင်းအား ခန့်မှန်းကုန်ကျစရိတ် ၇၁၇,၀၀၀/- ဖြင့် ပြင်ဆင်ခွင့်ပြုကြောင်းကို ၂၈-၂-၂၀၂၀ ရက်နေ့ စာအမှတ်၊ ၁၇၆/ ဝယ်ဖြန့်-၂/ ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(မ) မိုးကောင်းမြို့နယ်မှ Samsung Fax & Scanner (၁)လုံး ပြင်ဆင် ခွင့်ပြုရန် နှင့် Samsung Copier (၁)လုံး ပြင်ဆင်ရန် တင်ပြလာခြင်း အား Samsung Fax & Scanner (၁)လုံးပြင်ဆင်ခွင့်ပြုကြောင်းနှင့် Samsung Copier (၁)လုံးအား မပြင်

ဆင်ဘဲ ကျေးလက်ဦးစီးဌာန (ရုံးချုပ်)တွင် အပ်နှံရန် ၂၈-၂-၂၀၂၀ရက်နေ့တွင် အကြောင်းကြား ထားပြီး ဖြစ်ပါသည်။

(ယ) ကွမ်းခြံကုန်းမြို့နယ်မှ Tablets (၁၂)လုံး ပြင်ဆင်ခွင့်ပြုပါရန် တင်ပြလာခြင်းအား ခွင့်ပြုကြောင်းကို ၂၀-၂-၂၀၂၀ ရက်နေ့ စာအမှတ်၊ ၁၆၂/ဝယ်ဖြန့်-၂/ ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။ Laptop (၁)လုံး ပျောက်ဆုံးမှုနှင့်ပတ်သက်၍ တင်ပြလာခြင်းအား သုံးစွဲသူမှ (၆)လအတွင်း အရစ်ကျ ပေးလျော်ရန် ၂၈-၂-၂၀၂၀ ရက်နေ့ စာအမှတ်၊၁၇၇/ဝယ်ဖြန့်-၂/ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။ မော်တော်ဆိုင်ကယ် TVS Neo 110cc(၂၂)စီးအား ခန့်မှန်း ကုန်ကျစရိတ် ၉၉၂,၆၀၀/- ဖြင့် ပြင်ဆင်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် ခွင့်ပြုကြောင်း အား (၁၈-၃-၂၀၂၀)ရက်နေ့တွင် စာအမှတ်၊ ၂၂၀/ ဝယ်ဖြန့်-၂/ ကျေးလက်(၈)ဖြင့် အကြောင်းကြား ခဲ့ပြီး ဖြစ်ပါသည်။ Color Printer (၁)လုံး ဝယ်ယူခွင့်နှင့် ပတ်သက်၍ ဈေးနှုန်း စုံစမ်း ထားသည့်ဆိုင်(၃)ဆိုင်အနက်မှ IT Mobile ဆိုင်မှ ဈေးနှုန်းကျသင့်ငွေ ၈၁၀,၀၀၀/- ဖြင့် ဝယ်ယူ ခွင့်ပြုကြောင်းကို ၂၆-၃-၂၀၂၀ ရက်နေ့၊ စာအမှတ်၊ ၁၅၀/ ဝယ်ဖြန့်-၂/ ကျေးလက်(၈) ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ရ) ပျော်ဘွယ်မြို့နယ်မှ Tablet (၁)လုံး ပျောက်ဆုံးခြင်းနှင့် ပတ်သက်၍ ကျသင့်ငွေအား ကိုင်ဆောင်သူမှ ၅၀%နှင့် စီမံကိန်း ရန်ပုံငွေမှ ၅၀% ကျခံကာ (၃)လအတွင်း အရစ်ကျ ပေးလျော်စေရေး ကြီးကြပ်ဆောင်ရွက်သွားရန် (၁၈-၃-၂၀၂၀) ရက်နေ့ တွင် စာအမှတ်၊ ၂၂၂/ဝယ်ဖြန့်-၂/ ကျေးလက်(၈)ဖြင့် အကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။

(လ) လယ်ဝေးမြို့နယ်မှ မော်တော်ဆိုင်ကယ် (၆၀)စီးအား သက်တမ်းတိုးခွင့်ပြုပါရန် တင်ပြခြင်းအပေါ် ခန့်မှန်းကုန်ကျစရိတ် ၁,၇၅၀,၀၀၀/- ဖြင့် သက်တမ်းတိုး ခွင့်ပြု ကြောင်းကို ၁၉-၃-၂၀၂၀ ရက်နေ့တွင် စာအမှတ်၊ ၂၂၈/ဝယ်ဖြန့်-၂/ ကျေးလက်(၈) ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဝ) ဘီးလင်းမြို့နယ် မော်တော်ဆိုင်ကယ်များ (၄၈)စီး သက်တမ်းတိုး ဆောင်ရွက်ခြင်း နှင့်ပတ်သက်၍ ခန့်မှန်းကုန်ကျစရိတ် ၁,၄၅၈,၀၀၀/- ဖြင့် ခွင့်ပြု ကြောင်းကို ၂၆-၃-၂၀၂၀ ရက်နေ့ စာအမှတ်၊ ၁၅၁/ဝယ်ဖြန့်-၂/ ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(သ) ပေါင်မြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးမှ ပြုပြင်ပြီးဖြစ်သည့် NECအမျိုးအစား System (၃)လုံး၏ ပြင်ဆင်ကုန်ကျစရိတ် ပြေစာအား သိရှိနိုင်ပါရန် ၂၀-၃-၂၀၂၀ ရက်နေ့တွင် Email ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဟ) ရှမ်းပြည်နယ်မှ စီမံကိန်းလုပ်ငန်းသုံး Camera (၁)လုံး ပျောက်ဆုံးမှုအတွက် ပေးလျော် ပြီးဖြစ်ပါသဖြင့် အစားထိုး လာရောက်ထုတ်ယူနိုင်ရန် ၂၆-၃-၂၀၂၀ ရက်နေ့ စာအမှတ်၊ ၁၅၈/ဝယ်ဖြန့်-၂/ကျေးလက်(၈) ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

**နောင်လာမည့်သုံးလအတွင်းဆောင်ရွက်မည့် အစီအစဉ်များ**

၁၂။ နောက် သုံးလပတ် (ဧပြီ - ဇွန် ၂၀၂၀)

ကျေးလက်ဌာနသည် ဆိုင်ကယ်အပိုပစ္စည်းများရှာဖွေခြင်းနှင့် ယာဉ်နှင့်မော်တော်ဆိုင်ကယ် ပြင်ဆင်ခြင်း ဝန်ဆောင်မှုများ နှင့် ပတ်သက်၍ အခက်အခဲအချို့ကြုံတွေ့ခဲ့ရသည်။ ဤအခက်အခဲ များသည် အသိအမှတ်ပြု ကုန်သည်များနှင့် ကုန်အမှတ်တံဆိပ်များဖြန့်ဖြူးသူများထံမှသာ ဝယ်ယူရန် ဟူသော ကျေးလက်ဌာန၏မူဝါဒနှင့် ဆက်စပ်နေသောကြောင့် အပိုပစ္စည်းများအား အတုအပများ မဝယ်ရန်ဖြစ်သည်။ ဤပြဿနာများအား ဖြေရှင်းရန်ကြိုးပမ်းမှုများကိုစတင်ခဲ့ပြီး၊ ကျေးလက်ဌာန သည် အပိုပစ္စည်းများကို မြန်မာနိုင်ငံရှိ ကုန်အမှတ်တံဆိပ်၏ တရားဝင်ဖြန့်ဖြူးသူများထံမှ တိုက်ရိုက် ဝယ်ယူမည်။ ၄င်းအချက်အား ကမ္ဘာ့ဘဏ်မှ ကန့်ကွက်ရန်မရှိကြောင်း စာပို့ပြီးဖြစ်ပါသည်။

**၅။ သင်တန်းအခြေအနေ**

၁၃။ အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုအဆင့်မှ M&E/MIS Refresher သင်တန်း ၁ ခု၊ M&E/MIS Systerm Closing and Phaseout Report Writing သင်တန်း ၁ ခု စသော သင်တန်းပေါင်း ၂ ခုအား ပြုလုပ်ခဲ့ပါသည်။ ၄င်းသင်တန်းများအား တက်ရောက်သူ ၇၀ ဦး (ကျေးလက် ၅၁ ဦး နှင့် မြို့နယ် အကြံပေး ၁၉ ဦး) ရှိခဲ့ပါသည်။

- အစီရင်ခံသည့်ကာလအတွင်း မြို့နယ်အဆင့်သင်တန်းပေါင်း ၅၀ ခုအား ပြုလုပ်ခဲ့ပြီး တက်ရောက်သူ (DRD, TTA, TF and CF)၂၆၇၄ ဦး ရှိခဲ့ပါသည်။ မြို့နယ်အဆင့်တွင် သင်တန်း ပေါင်း ၁၆ မျိုးရှိပါသည်။ မြို့နယ်အဆင့် သင်တန်းများမှာ TOF1, TOF2, TOF3, TTF1, TTF2, Infra refesher, Finance, M&E/MIS, Grievance, Procurement, Genter, Communication, O&M, Electric Power Awareness, RWS/MIS and Buliding စသည့် သင်တန်းများ ပို့ချခဲ့ပါသည်။
- အစီရင်ခံသည့်ကာလအတွင်း ကျေးရွာအဆင့်သင်တန်းပေါင်း ၁၁၆၀ ခုအား ပြုလုပ်ခဲ့ပြီး တက်ရောက် သူ ၄၁၇၉၁ ဦး ရှိခဲ့ပါသည်။ ကျေးရွာအဆင့်တွင်သင်တန်းပေါင်း ၇ မျိုးရှိပါသည်။ သင်တန်းများမှာ PSC, MSC, FSC, O & M, CMT, Grievance and Genderတို့ ဖြစ်ပါသည်။
- သင်တန်းပေါင်း ၁၂၁၂ခု ပြုလုပ်ခဲ့ပြီး တက်ရောက်သူ ၄၄၅၃၅ ဦး ရှိခဲ့ပါသည်။
- အစီရင်ခံသည့်ကာလအတွင်း စုစုပေါင်းကုန်ကျငွေမှာ ၉၄,၄၀၀,၆၉၆ ကျပ်ဖြစ်ပါသည်။ အသေးစိတ်ခွဲခြမ်းရသော်၊ ပြည်ထောင်စုအဆင့်တွင် ကုန်ကျသောငွေမှာ ၁,၁၂၂,၄၈၀ ကျပ်၊ မြို့နယ် အဆင့်နှင့်ကျေးရွာအဆင့်တွင် ကုန်ကျသောငွေမှာ ၉၃,၂၇၈,၂၁၆ ကျပ် ဖြစ်ပါသည်။

**40 K/15 K သင်တန်းများ**

40 K / 15 K ဘတ်ဂျက်အောက်တွင်အဖွဲ့အစည်း ၂ ခု (Carddno နှင့် PKW) သည် CDD မြို့နယ် ၆ ခုအတွက်သင်တန်းနှစ်မျိုးကိုပြုလုပ်ခဲ့သည်။ ၎င်းတို့သည် ပျဉ်းမနား CDD တွင် Project Cycle Management သင်တန်းတစ်ခုနှင့်ပေါက်၊ စေ၊ ထီးလင်၊ မတူပီနှင့် Tonzan CDD စီမံကိန်းများတွင်

Steel Structure အဆောက်အဦး သင်တန်း ၅ ခုဖွင့်သည်။ စုစုပေါင်း DRD နှင့် TTA မှတက်ရောက်သူ ၁၄၇ ဦး (အမျိုးသား ၆၃ ဦး၊ အမျိုးသမီး ၈၄ ဦး) တက်ရောက်ခဲ့သည်။

## ပြည်ထောင်စုသင်တန်းအဖွဲ့၏အခြားအထောက်အပံ့များ

NTE ၂ ယောက်၊ NAT ၉ ယောက်နှင့် ပြည်ထောင်စုသင်တန်းအဖွဲ့မှ DRD ဝန်ထမ်း ၅ ဦး သည် မြို့နယ်ရွေးချယ်ရေးသင်တန်းနှင့် မြို့နယ်ရွေးချယ်ရေးညှိနှိုင်းအစည်းအဝေးတွင် ပါဝင်ခဲ့သည်။ ထို့အပြင် NTE ၁ ယောက်၊ NAT ၁ ယောက်နှင့် DRD တယောက် တို့သည် မိုးတွင်းမြို့နယ် TOF-3 မွမ်းမံမှုအထောက်အကူပြုခရီးစဉ်တွင် ပါဝင်ခဲ့သည်။ သူတို့သည် TMSR အကြိုအစည်းအဝေးကို လည်း ကူညီခဲ့သည်။

## နောက် သုံးလပတ်အတွက် အစီအစဉ် (ဧပြီ - ဇွန် ၂၀၂၀)

လာမည့်သုံးလပတ် (ဧရယ် - ဇွန် ၂၀၂၀) တွင် ပြည်ထောင်စု Training အဖွဲ့သည် ပြည်ထောင်စု၏ တောင်းဆိုချက်နှင့်သဘောတူညီချက်အရ **TOF 1, 2 နှင့် 3** မွမ်းမံသင်တန်းကို ထောက်ပံ့ရန်ကြိုးစားမည်။ သူတို့သည် **Pre-MSR** အထောက်အပံ့ ကိုလည်းစီစဉ်ပေးမည်။ ဤအ ထောက်အပံ့၏ ရည်ရွယ်ချက်မှာ **TPIC** အဖွဲ့ဝင်များဖြစ်သော ဂျူရီအဖွဲ့ဝင်များအား (၁) ဆုချီးမြှင့် သောကျေးရွာများ၏ စံသတ်မှတ်ချက်များနှင့် ရွေးချယ်ခြင်း လုပ်ငန်းစဉ်နှင့် (၂) **TMSR** မတိုင်မီ **OM update** နှင့်လမ်းညွှန်ချက်များကို ရှင်းပြရန်ဖြစ်သည်။ ဖြစ်နိုင်လျှင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန စီမံခန့်ခွဲမှု သင်တန်းကိုမြို့နယ်အသစ်များအတွက်လည်းစီစဉ်မည်။

## တိုးတက်မှု နှင့် စိန်ခေါ်မှု

ပြည်ထောင်စုသင်တန်းအဖွဲ့သည် မြို့နယ်များမှ အစီရင်ခံစာများကို အချိန်မီရရှိရန် ကြိုးစား ခဲ့သည်။ နှောင့်နှေးသောမြို့နယ်များမှာ ရှိနေဆဲဖြစ်သော်လည်း အရေအတွက် မများလှပါ။ ပြည်ထောင်စုသင်တန်းအဖွဲ့က အစီရင်ခံတင်ပြခြင်း အခြေအနေမှာ တဖြည်းဖြည်း တိုးတက်လာ သည်ဟုထင်မြင်ပါသည်။ ပြည်ထောင်စုသင်တန်းအဖွဲ့သည် အချို့သောမြို့နယ်များမှ မပြည့်စုံသေး သောအချက်အလက်များဖြင့်အစီရင်ခံစာများကိုလက်ခံရရှိခဲ့သည်။ မပြီးဆုံးသောနေ့က ဆိုလိုရင်းမှာ အချို့သော TTA သည်သင်တန်းအမည်၊ ပါဝင်သူ အရေအတွက်ကို ဖော်ပြပြီး ၎င်းတို့မည်မျှ ကုန်ကျ သည်ကို မဖော်ပြခဲ့ပါ။ ပြည်ထောင်စု လေ့ကျင့်ရေးအဖွဲ့တွင် ဘတ်ဂျက်ပါဝင်သည့် အချက်အလက် ပြည့်စုံစွာ ဖြည့်စွက်ရန် ခက်ခဲသည်။

## မြို့နယ်များအတွက် အကြံဥာဏ်

ပြည်ထောင်စုသင်တန်းအဖွဲ့သည်အောက်ပါအကြံပြုချက်များကို တယ်လီဖုန်းနှင့် မက်ဆေ့ဂျ် များဖြင့် မြို့နယ်များသို့ပေးပို့ရန်ကြိုးစားခဲ့သည်။

- အထူးသဖြင့်အကြောင်းအရာနှင့်ကြာချိန်အတွက် Union Training TOF လမ်းညွှန်နှင့် ပတ်သက်၍ တိကျစွာလိုက်နာရန် မြို့နယ်အသင်းကိုတိုက်တွန်းခဲ့သည်။

- မြို့နယ်အဆင့်သင်တန်းများတွင် အဖွဲ့ခေါင်းဆောင်များနှင့် KEs များတက်ကြွစွာ ပါဝင် မှုကို အားပေးခဲ့သည်။
- အတည်ပြုပြီးသောသဘောတူညီမှုရပြီးသော အစီရင်ခံစာပုံစံကို အသုံးပြု၍ ယုံကြည်စိတ်ချရသော အချက်အလက်များသာ မျှဝေရန် အားပေးခဲ့သည်။
- သက်ဆိုင်ရာမြို့နယ်များ နှစ်ဖက်လုံး (DRD နှင့် TTA) မှ သဘောတူထားသည့် သင်တန်းအချက်အလက်များကို မျှဝေရန် မြို့နယ်အသင်းအားတိုက်တွန်းခဲ့သည်။
    - ပြည်ထောင်စုလေ့ကျင့်ရေးအဖွဲ့ (လစဉ်လတိုင်း တနင်္လာနေ့ ပထမပတ်)တွင် သင်တန်းအချက်အလက်များကို မျှဝေရန်နှင့် focal NAT သို့ပေးပို့ ရန်တိုက်တွန်းခဲ့သည်။

## Summary table of training data during this quarter (40K/15 K not included)

| S/N. | Level of Training | # of Traini-ng | # of Participant | | | | | | | | Remark |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | DRD | TTA | CF | TF | Com-mittee | Com | O | Total | |
| 1 | Union Level | 2 | 51 | 19 | | | | | | **70** | |
| 2 | State/Region Level | | | | | | | | | | |
| 3 | Township Level | 50 | 189 | 155 | 1465 | 865 | | | | **2674** | |
| 4 | Community Level | 1160 | | | | | 41671 | 120 | | **41791** | |
| | TOTAL | **1212** | **240** | **174** | **1465** | **865** | **41671** | **120** | | **44535** | |

## Planning for next quarter (Jan-March 2020)

| SN | Detail description | Participants | Time frame | Remark |
|---|---|---|---|---|
| 1 | TOF Refresher | CF, TF | May-June’2020 | If there was a request |
| 2 | DRD Management | TDRD | June 2020 | tentatively |
| 3 | Pre-MSR support | Jury members | Apr-June’2020 | |
| 4 | Phase-out guideline training | | Apr-June’2020 | |

Achievement of 40 K (Summary)

| Organization | Type of training and township | M | F | T | Remark |
|---|---|---|---|---|---|
| Cardno | Steel Structure training (Pauk) | 9 | 19 | 28 | |
| Cardno | Steel Structure training (Saw) | 9 | 13 | 22 | |
| Cardno | Steel Structure training (Htilin) | 7 | 13 | 20 | |
| Cardno | Steel Structure training (Matupi) | 14 | 9 | 23 | |
| Cardno | Steel Structure training (Tongzan) | 8 | 7 | 15 | |
| PKW | Project Cycle Management Training (Pyinma) | 16 | 23 | 39 | |
| | Total | 63 | 84 | 147 | |

## ၆။ စောင့်ကြည့်အကဲဖြတ်ခြင်းနှင့်သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်း

၁၄။ သတ္တမနှစ် စီမံကိန်းအတွက် စီမံကိန်း လုပ်ငန်းပြီးသော မြို့နယ်များအား M&E/MIS Section အနေဖြင့် Form များ ပြင်ဆင်ရန် ဖေဖော်ဝါရီလ အတွင်း သင်တန်းများ ကျင်းပ ပြုလုပ်ပြီး ဖြစ်ပါသည်။

ဤကာလအတွင်းတွင် **GIS**နှင့် ပတ်သက်၍ လိုအပ်ချက်ရှိသော အချက်အလက်များ ထုတ်ပေးခြင်း၊ မြို့နယ်များမှ လိုအပ်သော **GIS** နှင့် ပတ်သက်သော အခက်အခဲများအား ကူညီ ထောက်ပံ့ပေးခဲ့ပါသည်။ တချို့ ပြည်နယ်/တိုင်းရုံးများအနေဖြင့် သုံးလပတ်အစီရင်ခံစာအား အချိန်မီ **ပေးပို့ကြပါသည်။**

## နောက်သုံးလပတ်ဆောင်ရွက်မည့် အစီအစဉ်

(က) သတ္တမနှစ် စီမံကိန်းစက်ဝန်းအတွင်း ပြည်နယ်/တိုင်းတွင် စီမံကိန်းတာဝန်ခံများ၊ မြို့နယ်များမှ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်း တာဝန်ခံများတို့အား **M&E / MIS** နှင့် ပတ်သက် ဆက်နွယ်သော အသုံး ပြုပုံများ သင်တန်းအား Covid-19 ပြန့်ပွားမှု ရောဂါအခြေအနေကြောင့် ပြည်နယ်/တိုင်းများသို့ သင်တန်းသွားရောက် ပို့ချမည့် အစီအစဉ်အား ရက်အကန့်သက်မရှိ ပြောင်းရွှေ့ထားပါသည်။ စီမံကိန်းမြို့နယ်များသို့ ကွင်းဆင်းဆောင်ရွက်မည့် အစီအစဉ်ကိုလည်း ရပ်ဆိုင်းထားရပါသည်။

(ခ) စီမံကိန်းနောက်ဆုံးနှစ် ရောက်ရှိနေသော စီမံကိန်းမြို့နယ်များအား ပြည်ထောင်စု အဆင့် စောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေးသွားမည် ဖြစ်ပါသည်။

(ဂ) ဆဋ္ဌမနှစ် စီမံကိန်းနှင့် သတ္တမနှစ် စီမံကိန်းအတွက် စီမံကိန်း လုပ်ငန်း ပြီးစီး၍ ကျန်ရှိသော မြို့နယ်(၄) မြို့နယ်အား M&E/MIS Section အနေဖြင့် Form များပြင်

ဆင်ရန် သင်တန်းများအား Covid-19 ရောဂါ အခြေအနေကြောင့် သင်တန်းများ ပေးရန် ရက်များ ရွှေ့ထားရခြင်း ဖြစ်ပါသည်။

(ဃ) စီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးသော မြို့နယ်များအား စီမံကိန်းပိတ်သိမ်းရာတွင် ထားရှိရမည့် M&E/MIS နှင့်ပတ်သက်သည့် အချက်အလက်များ ပို့ချမည့်သင်တန်းအား ဖေဖော်ဝါရီလ အတွင်း သင်တန်းများ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

## စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် အချက်အလက်များစီမံခန့်ခွဲခြင်း

| သုံးလပတ်အတွင်းလုပ်ငန်းတိုးတက်မှု | သုံးသပ်ချက်နှင့် ဆက်လက်ဆောင်ရွက်ချက်များ |
|---|---|
| **MIS**<br>• သတ္တမနှစ် စီမံကိန်းအတွက် စီမံကိန်း လုပ်ငန်းပြီးသော မြို့နယ်များအား M&E/MIS Section အနေဖြင့် Form များ ပြင်ဆင်ရန် ဖေဖော်ဝါရီလ အတွင်း သင်တန်းများ ကျင်းပ ပြုလုပ်ပြီး ဖြစ်ပါသည်။ | **MIS**<br>• ဆဌမနှစ် စီမံကိန်းစက်ဝန်းအတွင်း ပြည်နယ်/တိုင်းတွင် စီမံကိန်းတာဝန်ခံများ၊ မြို့နယ်များမှ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်း တာဝန်ခံများ တို့အား **M&E / MIS** နှင့် ပတ်သက် ဆက်နွယ်သော အသုံး ပြုပုံများ သင်တန်းအား ပြည်နယ်/တိုင်းများသို့ သင်တန်း သွားရောက် ပို့ချမည် ဖြစ်ပါသည်။ စီမံကိန်း မြို့နယ်များသို့လည်း ကွင်းဆင်း ဆောင်ရွက်မည် ဖြစ်ပါသည်။<br>• စီမံကိန်း နောက်ဆုံးနှစ်ရောက်ရှိနေသော စီမံကိန်းမြို့နယ်များအား ပြည်ထောင်စု အဆင့် စောင့်ကြည့်ကြီးကြပ်ရေး အဖွဲ့မှ ကွင်းဆင်း စစ်ဆေးသွားမည် ဖြစ်ပါသည်။<br>  ◦ ဆဌမနှစ် စီမံကိန်းနှင့် သတ္တမနှစ် စီမံကိန်း အတွက် စီမံကိန်း လုပ်ငန်း ပြီးစီး၍ ကျန်ရှိသော မြို့နယ်(၄) မြို့နယ်အား M&E/MIS Section အနေဖြင့် Form များပြင်ဆင်ရန် သင်တန်းများအား Covid-19 ရောဂါ အခြေအနေကြောင့် သင်တန်းများ ပေးရန် ရက်များ ရွှေ့ထားရခြင်း ဖြစ်ပါသည်။ |
| **GIS**<br>သုံးလပတ်အတွင်းရှိသော သင်တန်းများတွင် ချိတ်ဆက်ပြီး**MIS**အချိန်နှင့်တပြေးညီအချက်အလက် **(PC 8)** နှင့် **GIS dashboard** အချက်အလက်အကြား ကွာဟချက် များအားလုံး အချိန်နှင့် တပြေးညီ စီစစ်ပြီး ဆောင်ရွက်ခဲ့ပါသည်။ | **GIS**<br>• **MIS**အချိန်နှင့်တပြေး ညီအချက်အလက် **(PC 8)** နှင့် **GIS dashboard** အချက် အလက်များ တူညီမှု ရှိစေရန် အချက်အလက်များ ပုံမှန် စစ်ဆေးရန်။ |

| | |
|---|---|
| **အစီရင်ခံခြင်း**<br>• နှစ်ပတ်လည်အစီရင်ခံစာအား www.cdd.drdmyanmar.org တွင် တင်ထားပြီး ဖြစ်ပါသည်။<br>• မြို့နယ်အချို့မှာ သုံးလပတ် အစီရင်ခံစာအား အချိန်မီ တင်ပြမှု အားနည်းသည်။ | |

## ၇။ သတင်းပြန်ကြားဆက်သွယ်ရေး

| Issues and Activities | Comments and Next Steps |
|---|---|
| Activities this quarter (Jan to March 2020) | Next action plan (April to June 2020) |
| • ဆက်သွယ်ရေးမဟာဗျူဟာအား ပြန်လည်သုံးသပ်ပြီး ကမ္ဘာ့ဘဏ်သို့ ပို့ပြီး။<br>• ပြည်တွင်း သတင်းပြန်ကြားဆက်သွယ်ရေး နည်းပညာအကြံပေးအား (ဇန်နဝါရီ ၂ ရက်နေ့တွင် ပြန်လည်ခန့်အပ်ထား)<br>• ၃ လ အတွင်း မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲတွင် ပါဝင်မှု (တွန်းဇံ၊ ပူတာအို၊ မဘိမ်း၊ ရွှေကူ)<br>• စီမံကိန်း သတင်းများကို လူမှုမီဒီယာများနှင့် စီမံကိန်း ဝက်ဘ်ဆိုက်များ၊ မီဒီယာ စောင့်ကြည့်လေ့လာမှုများ၊ နှင့် အခြားမတူညီသော မီဒီယာလိုင်းများပေါ် တွင် တင်ခဲ့သည်။<br>• မြို့နယ်များ၏ သတင်းအချက်အလက် လှုပ်ရှားမှုပွဲစဉ်များအား စောင့်ကြည့် စစ်ဆေးခဲ့ပါသည်။ (ဤ ၃ လ အတွင်း ၂၅ ကြိမ်)<br>• မြို့နယ်ရွေးချယ်ပွဲအစည်းအဝေးများအား မြို့နယ် ၁၃ မြို့နယ်အထိ ပူးပေါင်းပါဝင်ခဲ့ပါသည်။ | • စီမံကိန်းမြို့နယ်များသို့ ကွင်းဆင်းပါမည်။<br>• To participate in remaining township MSRs (Cycle-7)<br>• စီမံကိန်းသတ္တမစက်ဝန်း ကျန်ရှိမြို့နယ်များ၏ သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲတွင် ပူးပေါင်းမည်။<br><br>• မြို့နယ်အဆင့် သတင်းပြန်ကြား ဆက်သွယ်ရေး သင်တန်းများအား စီစဉ်ခြင်း (အထူးသဖြင့် မြို့နယ်သစ် ၁၆ မြို့နယ်) သင်တန်းသားများမှာ CSAG များနှင့် ပြည်/တိုင်း များမှ Communications focal ဝန်ထမ်းများ ဖြစ်ပါသည်။<br>• မြို့နယ်သစ် ၁၃ မြို့နယ်၏ socialization အလုပ်ရုံများတွင် ပူးပေါင်းပါဝင်ခြင်း။ |
| | |

## ၇။ ဝေဖန်အကြံပြုတိုင်ကြားချက်များလက်ခံရရှိမှုအခြေအနေ

၁၅။ ၂၀၂၀ ခုနှစ် ပဥ္စမနှစ် သုံးလပတ်တွင် ဝေဖန်အကြံပြုတိုင်ကြားစာပေါင်း ၈၇၃ ခု လက်ခံရရှိပြီး အကြံပြုစာ **၁၁** စောင် ( ၁ %) သည် **"core grievances" (**စီမံကိန်းမူဝါဒ၊ လမ်းညွှန်ချက်၊ လုပ်ထုံးလုပ်နည်းများအား ချိုးဖောက်ခြင်း၊ သဘောတူစာချုပ် ချိုးဖောက်ခြင်း၊ ရန်ပုံငွေအလွဲသုံးစားပြုခြင်း၊ မသင့်လျော်သော ဝင်ရောက်စွက်ဖက်မှု(လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်း)) များဖြစ်သည်။ **(၃၁-၃-၂၀၂၀)**ရက်နေ့အထိ ၈၅၆ **(**၉၈ % **)**ဆောင်ကို ဖြေရှင်း ဆောင်ရွက်ပြီး ဖြစ်ပါသည်။ **(**ဇယား- ၈,၉**)**

၂၀၁၄ ခုနှစ် ဇူလိုင်မှ ၂၀၂၀ ခုနှစ် မတ်လထိ ဝေဖန်အကြံပြုစာစုစုပေါင်း ၂၇၄၈၄ စောင် လက်ခံရရှိ ပြီး ၂၇၄၆၇ (၉၉.၉ %) ခုအားဖြေရှင်း ဆောင်ရွက်ပြီးဖြစ်ပါသည်။

သုံးလပတ်အတွင်းဝေဖန်အကြံပြုတိုင်ကြားစာများအား စိစစ်ခြင်း

- ဝေဖန်အကြံပြုတိုင်ကြားစာများကို ကျေးရွာအုပ်စုနှင့် ကျေးရွာ အဆင့်တွင် ၁၅၇(၁၈%**)** စောင်၊ မြို့နယ်အဆင့်တွင် ၆၈၆ (၇၉%)စောင်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် ၁ (၀.၁%) စောင်နှင့် ပြည်ထောင်စုအဆင့်တွင် ၂၉(၃%) လက်ခံရရှိခဲ့ပါသည်။
- ဝေဖန်အကြံပြုတိုင်ကြားစာ ပေးပို့မှုတွင် အမျိုးသားများမှ ၂၇၄(၃၁%)စောင်၊ အမျိုးသမီး များမှ ၂၃၁(၂၆%)နှင့် ကျား/မ မဖော်ပြထားသော ဝေဖန်အကြံပြုစာစောင် ၃၆၈(၄၂%) စောင် လက်ခံရရှိ ခဲ့ပါသည်။
- ဝေဖန်အကြံပြုတိုင်ကြားစာများကို အကြံပြုစာတိုက်ပုံးမှ **၇၈၀**(၈၉%)စောင်၊ လူကိုယ်တိုင် ၅၂(၆%)စောင်၊ တယ်လီဖုန်းဖြင့် ၁၉(၂%)စောင်၊ **E-mail**ဖြင့် ၁၀**(၁%)**စောင်၊ အကြံပြု ကိုယ်စားမှ တဆင့် ၂(၀.၂%)စောင်၊ အခြားဖြင့် ၁၀(၁%) လက်ခံရရှိ ခဲ့ပါသည်။ ဝေဖန် အကြံပြု တိုင်ကြားစာ ၈၆၂ (၉၉%)စောင်သည် ကျေးရွာအဆင့်မှ ဝေဖန်အကြံပြု တိုင်ကြားစာများ ဖြစ်သည်။

## ၁၆။ ဖြေရှင်းဆောင်ရွက်သည့်အချိန်ကာလ

ကျေးဇူးတင်စာများကို (၄)ရက်အတွင်း၊ မသင့်လျော်သော ဝင်ရောက် စွက်ဖက်မှု **(**လုပ်ပိုင် ခွင့်ကို အလွဲသုံးစားပြုခြင်း**)**စာများကို (၁၂)ရက်အတွင်း၊ စီမံကိန်းမူဝါဒများ လုပ်ထုံးလုပ်နည်း များဆိုင်ရာ သာမန် မေးမြန်းစုံစမ်းခြင်းစာများကို(၈)ရက်အတွင်း၊ တာဝန်ယူနိုင်မှုပြင်ပတွင်ရှိသော ကိစ္စရပ်များအား (၄) အတွင်း၊ ဝန်ထမ်းရေးရာနှင့် အခြား အကြောင်းအရာများကို**(၁၀)**ရက် အတွင်း၊ စီမံကိန်းမူဝါဒများ လုပ်ထုံး လုပ်နည်းများ ချိုးဖောက်ခြင်း များကို **(၁၇)**ရက် အတွင်း၊ အတွင်းနှင့် အကြံပြုစာများကို**(၇)**အတွင်း ပျမ်းမျှဖြေရှင်း အကြောင်း ပြန်နိုင်ခဲ့ပြီး သုံးလပတ်အတွင်း လက်ခံ ရရှိခဲ့သော ဝေဖန်အကြံပြု တိုင်ကြားစာ အားလုံးကို ပျမ်းမျှ(၉)ရက်အတွင်း ဖြေရှင်းအကြောင်း ပြန်နိုင် ခဲ့ပါသည်။

၁၇။ **Core Grievances** များကို အမျိုးအစားခွဲခြားခြင်း

- စီမံကိန်းမူဝါဒ၊ လမ်းညွှန်ချက်၊ လုပ်ထုံးလုပ်နည်းများအား ချိုးဖောက်ခြင်း**-** **၉** စောင်**(၆**စောင် ဖြေရှင်းပြီး၊ **၃** စောင် ဖြေရှင်းဆဲ)၊
- သဘောတူစာချုပ်ချိုးဖောက်ခြင်း- ၂ စောင်**(**ဖြေရှင်းပြီး**)**၊

၁၈။ ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့၏ ဆောင်ရွက်ချက်များ

- **Union Monitoring Visits;** တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှ အကြံပြုကိုယ်စားလှယ်များ Morintoring ပုံမှန်ဆင်းရန်၊ TTA နှင့် DRD CSAGမရှိတဲ့ မြို့နယ်များကို GHM refresher Training ပေးရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်နှင့် TTAမရှိတဲ့ မြို့နယ်များ အတွက် အပတ်စဉ်အစီရင်ခံစာ ပြုစုဆောင်ရွက်ပေးရန် ညွှန်ကြားထားပါသည်။ ညွှန်ကြားချက်ပြီးနောက် မြို့နယ်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များအဆင့်မှ အကြံပြုကိုယ်စားလှယ်များသည် Morintoring(၂၂)ကြိမ် ခရီးစဉ် သွားရောက်ခဲ့ပါသည်။
- Staffing; ဒေါ်ချိုနှင်းမို့မို့အောင် (DRD)သည် ပြည်ထောင်စုအဆင့် ဝေဖန်အကြံပြု တိုင်ကြားရေးအဖွဲ့တွင် ၂၀၂၀ပြည့်နှစ်၊ ဖေဖော်ဝါရီလမှ စတင်၍ တာဝန်ထမ်းဆောင် ခဲ့ပါသည်။

**နောက်သုံးလပတ်ဆောင်ရွက်မည့် အစီအစဉ်**

GHM မွမ်းမံသင်တန်းကို လာမည့်သုံးလပတ် COVID-19 အားအောင်မြင်စွာ ကျော်ဖြတ်ပြီးချိန်တွင် ပြန်လည်စတင်မည်ဟုမျှော်လင့်ရသည်။ ပြည်ထောင်စုအဆင့် GHM အဖွဲ့သည် GHM စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်များနှင့်ပြည်နယ်/တိုင်းဒေသကြီးများသို့ ကွင်းဆင်းလေ့လာခြင်းကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပြီး လိုအပ်ပါက မြို့နယ်များနှင့်ပြည်နယ်/ တိုင်းဒေသကြီးများသို့ ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည် ဖြစ်သည်။

**၈။ ကျားမရေးရာနှင့်လူမှုဆိုင်ရာများ**

၁၉။ လက်ရှိတွင် ကျားမရေးနှင့် ပတ်သက်သော လူထုစကားဝိုင်းအား ၂၆မြို့နယ်တွင် ပြုလုပ်ကျင်းပနိုင်ခဲ့ပြီး အမျိုးသား- ၆၈၅ ဦး ၊ အမျိုးသမီး ၂၅၃၆ ဦး တတ်ရောက်ခဲ့ပါသည်။

**လူထုစကားဝိုင်း မှ ရရှိသော အကျိုး ရလဒ်များ-**

- ဌာနဆိုင်ရာများမှ အမျိုးသမီးကွန်ယက်အဖွဲ့အားကူညီနိုင်ရန် ဆွေးနွေးလာနိုင်ခြင်း (ဒေသအတွင်း အလုပ်အကိုင်ရရှိရေးအစီအစဉ်များ တောင်းဆိုခြင်း)
- မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ NGO , INGO အဖွဲ့များနှင့် ရင်းနှီးမှုရရှိခြင်း
- မိတ်ဖက်အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ သိရှိလာရခြင်း
- အမျိုးသမီးကွန်ယက်ဖွဲ့စည်းထားရှိမှုနှင့် ရည်ရွယ်ချက်များအား တစ်ခြားသောဌာနဆိုင်ရာနှင့် မိတ်ဖက်အဖွဲ့ အစည်းများမှ သိရှိလာနိုင်ခြင်း။
- အမျိုးသမီးကွန်ယက်မှ မိမိတို့ဒေသအတွင်းလိုအပ်သော အသက်မွေးဝမ်းကျောင်း သင်တန်းများ နှင့် ဟောပြောပွဲများအား တတ်ရောက်လာသော ဌာနဆိုင်ရာများအား တင်ပြတောင်းခံနိုင်ခြင်း

- စကားဝိုင်းမှ တတ်ရောက်လာသော ဌာနဆိုင်ရာများထံမှ အမျိုးသမီးရေးရာကိစ္စရပ်များ ၊ အကြမ်းဖက်မှုနှင့် ပတ်သက်သော ကိစ္စရပ်များရှိပါက ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ ရရှိခဲ့ခြင်း
- လူထုဗဟိုပြုစီမံကိန်းမှ ရရှိသော အတွေ့အကြုံ ၊ အကျိုးကျေးဇူးများ ကို လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာများ သိရှိနိုင်သလို၊ တစ်ခြားဌာနဆိုင်ရာများ၏ လုပ်ဆောင်မှုများအားလည်း ကွန်ယက်အဖွဲ့ဝင်များလည်းသိရှိခွင့်ရခြင်း။
- တိုင်းရင်းသားဒေသများတွင် ဆွေးနွေးပွဲပြုလုပ်ရာတွင် ဘာသာစကား အခက်အခဲ ဖြစ်သော်လည်း အခမ်းအနားကို အဖြစ်မဟုတ်ပဲ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်း
- အမျိုးသမီးကွန်ယက်ဖွဲ့စည်းထားရှိသောကြောင့် တစ်အုပ်စုနှင့် တစ်အုပ်စု အမျိုးသမီးများ ရင်းနှီးမှုရရှိပြီး အတွေ့အကြုံများ ဖလှယ်နိုင်ခြင်း
- အမျိုးသမီးကွန်ယက်မှ ဖုန်းဖြင့်သော်လည်းကောင်း၊ viber, Facebook စသည်တို့မှ တစ်ဆင့် ချိတ်ဆက်ဆက်သွယ်ကြမည်ဟု ဆွေးနွေးခဲ့ကြပြီး တစ်ရွာနှင့်တစ်ရွာ တိုးတက် ပြောင်းလဲမှုများကို အပြန်အလှန်လေ့လာခြင်း ၊ အကြံဉာဏ်ရယူခြင်းများ များပြုလုပ်ကြမည်ဟု ဆွေးနွေးခဲ့ခြင်း

**စကားဝိုင်းတွင် တွေ့ရှိရသောအကြံပြုချက်များမှာ -**

- စီမံကိန်းပြီးဆုံးပြီးနောက် ကွန်ယက်အဖွဲ့ရေရှည်တည်တံ့ ကျန်ရစ်စေရန် သက်ဆိုင်ရာ ဌာနဆိုင်ရာများက ကူညီပံ့ပိုးရန်။
- စကားဝိုင်းကို စီထောက်ကိုယ်စားလှယ်အမျိုးသားပါ တတ်ရောက်စေချင်ကြောင်း
- အမျိုးသမီးကွန်ယက်အဖွဲ့ ရေရှည်ရပ်တည်နိုင်ရန် အသက်မွေးဝမ်းကြောင်း အခွင့်အလမ်းများ ဖန်တီးပေးရန် နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း
- မြို့နှင့် အလှမ်းဝေးကွာသော ကျေးရွာများရှိနေ၍ အမျိုးသမီးကွန်ယက် အဖွဲ့ဝင်များ လူထုဆွေးနွေးပွဲများ တတ်ရောက်နိုင်ရန်အတွက် စီမံကိန်းမှ ဘတ်ဂျက်လျာထားသင့်ပါသည်။
- စကားဝိုင်းတွေ့ဆုံပွဲကို တစ်နှစ်လျှင် နှစ်ကြိမ်ပြုလုပ်သင့်ကြောင်း နှင့် နောက်တစ်ခါ ပြုလုပ်မည့် မေးခွန်းများအား ပြောင်းလဲပြင်ဆင်ပေးစေလိုပါကြောင်း
- အစည်းဝေးနှင့် သင်တန်းများတွင် အမျိုးသားများလည်း များများရရှိဖို့လိုအပ်ကြောင်း ၊ အမျိုးသားများ Mind-set ပြောင်းလဲဖို့ လိုအပ်သလို Respect ပေးဖို့လိုအပ်ကြောင်း
- အုပ်ချုပ်ရေးမှူးများမှာ အများစု အမျိုးသားများ ဖြစ်နေသောကြောင့် အမျိုးသမီးများအသံ ထည့်သွင်းစဉ်းစားမှု နည်းသည့်အတွက် အမျိုးသမီး အုပ်ချုပ်ရေးမှူးများ ပေါ်ပေါက်လာစေရန် ဆွေးနွေးပေးစေလိုကြောင်း
- Panel ထိုင်သည့်သူများတွင် ဥပဒေအရာရှိနှင့် မိမိဒေသအတွင်းရှိ စံပြအမျိုးသမီးများအား ပါဝင်စေ လိုကြောင်း

နောင်ဆောင်ရွက်မည့်အဆင့်များ

- ကျန်ရှိသော မြို့နယ်များတွင် ကျင်းပပြုလုပ်ရန် ရက်သတ်မှတ်ချက်နှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် သေချာစွာချိတ်ဆက်ရန်
- ကျင်းပပြီးသွားသောမြို့နယ်များအတွက် နောက်တစ်ခေါက်ကျင်းပပြုလုပ်မည့် ခေါင်းစဉ်နှင့် မေးခွန်း များအား Gender Consultant နှင့် Union Gender Team တိုင်ပင်ပြီး ပြင်ဆင်ပေးရန် လိုအပ်ပါသည်။

**ကျားမရေးရာလစဉ်အစီရင်ခံစာကောက်ယူရာတွင် တွေ့ရှိရသော တွေ့ရှိချက်များမှာ-**

- ဝယ်ယူရေးကော်မတီအမျိုးသမီးများမှာ ပစ္စည်းများကို စနစ်တကျဝယ်ယူတတ်လာပြီး ကျေးရွာရှိ တစ်ခြားသော အမျိုးသမီးများကိုပါ ဗဟုသုတများ မျှဝေနိုင်ခဲ့ကြောင်း။
- အမျိုးသမီးများ အသိပညာဗဟုသုတရရှိလာပြီး ပြောရဲဆိုရဲ ပေါင်းသင်းဆက်ဆံရေး ကောင်းလာသည်ကို လည်း တွေ့ရှိရပါသည်။
- အမျိုးသမီးအချို့သည် လုပ်ငန်းခွင်မှ ရရှိသော အတွေ့အကြုံများကြောင့် မိမိတို့အိမ်တွင် အသုံးပြုသည့် အဝတ်လျှော် ကျောက်ပြားများကို ကိုယ်တိုင် လုပ်တတ်လာကြောင်း တွေ့ရပါသည်၊
- Campaign ပွဲများပြုလုပ်ခြင်းကြောင့် ကျေးရွာလူထုအများစုမှာ ကျားမရေးရာ အကြောင်းအရာများက ပိုမိုသိရှိလာကြကြောင်း။
- အမျိုးသမီးများသည် လုပ်ငန်းသုံးအကာအကွယ်ပစ္စည်းများ သုံးရခြင်း အကျိုးကျေးဇူး သိရှိလာခြင်း။
- အမျိုးသမီး သန်လျက်ကိုင်များ စီမံကိန်းလုပ်ငန်းခွဲတွင် ပါဝင်လာနိုင်ခြင်း။
- အမျိုးသမီးကွန်ယက်ဆွေးနွေးပွဲများတတ်ရောက်ရခြင်းကြောင့် ကျေးရွာများတွင် ပြန်လည် ဆွေးနွေး ပေးနိုင်ခြင်း၊ အမျိုးသမီးကွန်ယက် ချိတ်ဆက်လာနိုင်မှုများကြောင့် မူကြိုဆရာမ သင်တန်း ကို တစ်ရွာတစ်ဦး တတ်ရောက်ခွင့်ရခဲ့ခြင်း၊ အမျိုးသမီး ကွန်ယက် အဖွဲ့တွင် ပါဝင်ခဲ့သောကြောင့် ပအိုဝ်းအမျိုးသမီး သမဂ္ဂအဖွဲ့မှ ဖွဲ့လှစ်သော မဲပေးခြင်းဆိုင်ရာ ဆရာဖြစ်သင်တန်းအား တတ်ရောက်ခွင့်ရရှိခြင်း၊
- စီမံကိန်းလုပ်ငန်းခွဲများကြောင့် မီးလင်းရေးရရှိသောကြောင့် အမျိုးသမီးများ ညဘက်တွင် လုံခြုံစိတ်ချစွာ သွားလာနိုင်ခြင်း။
- အမျိုးသမီးများအနေဖြင့် နည်းပညာအစည်းအဝေးတွင် ဝင်ရောက်ဆွေးနွေးလာနိုင်ခြင်း။
- စီမံကိန်းလုပ်ငန်းခွဲတွင် လုပ်သားအနေဖြင့်ပါဝင်ခဲ့ခြင်းကြောင့် အမျိုးသမီးများ၊ သက်ကြီး ရွယ်အိုများ ဝင်ငွေရရှိလာပြီး မိမိအိမ်စားဝတ်နေရေး အဆင်ပြေလာခြင်း ။
- စီမံကိန်းလုပ်ငန်းများ ပြီးစီးအောင် လုပ်ဆောင်နေရသောကြောင့် ကျားမရေးရာ အခန်းကဏ္ဍနှင့် ပတ်သက်ပြီး ကျေးရွာလူထုများသိရှိနားလည်စေရန် အချိန်မပေးနိုင်ခြင်း။
- အမျိုးသားသည် အိမ်မှုကိစ္စများပါ ပါဝင်ကူညီဆောင်ရွက်လာကြခြင်း။
- “ကျောက်ကြီးမြို့ ၊ မုန်းကျေးရွာတွင် ပထမနှစ်စက်ဝိုင်းမှ စတင်ပြီး ငွေစာရင်းကိုင်အဖြစ် စတုတ္ထနှစ်အထိ လုပ်ကိုင်ခဲ့သော မနန်းဆွေဇင်မြင့်သည် စီမံကိန်းတွင် အားတတ်သရော

ပါဝင်ဆောင်ရွက်ခဲ့ပြီး တခြားသော ပရဟိတ လုပ်ငန်းများ တွင်လည်း လုပ်ကိုင်ခဲ့ပြီး ယခုအခါ စစ်တောင်းသံစဉ်စီမံကိန်းတွင် စည်းရုံးမှုုအနေဖြင့် လုပ်ကိုင်နေကြောင်း တွေ့ရှိရပါသည် ”

**အခက်အခဲများနှင့် စိန်ခေါ်မှုများ**

- တစ်ချို့သော ကျေးရွာများတွင် ကော်မတီဝင် အမျိုးသမီးများဝင်ရောက် ဆွေးနွေး မှုရှိသော်လည်း အမျိုးသားများမှ ဂရုမစိုက်ခြင်း၊ ပယ်ချခြင်း၊ အလေအနက်မထားခြင်း၊ အကြံ ပေးမှုများ လက်မခံခြင်း မျိုးများ ကြုံတွေ့ရကြောင်း
- ကော်မတီအမျိုးသမီးများမှာ စီထောက်ဥက္ကဌ ရွေးချယ်ခံရသော်လည်း ခင်ပွန်းမှ သဘောတူ ညီမှုမရခြင်းများ ကြုံတွေ့ရခြင်း။
- အစည်းအဝေးတိုင်းတွင် အိမ်ထောင်စု ၅၀ % ပြည့်ပြီး အမျိုးသမီးများ တတ်ရောက်မှု ရှိသော်လည်း အမျိုးသားများ တတ်ရောက်မှု အားနည်းသွားခြင်း။
- ကျေးရွာရှိ လူငယ်များ ပူးပေါင်းပါဝင်မှုအားနည်းခြင်း။
- ကော်မတီဝင်အမျိုးသမီးသည် သင်တန်းသို့လာရောက်ရာတွင် အခက်အခဲရှိသောကြောင့် ဆိုင်ကယ်စီး တတ်သော တစ်ခြား အမျိုးသားနှင့် အတူ သွားရောက်ခြင်းကြောင့် မိမိ ခင်ပွန်းနှင့် ပြဿနာဖြစ်ရခြင်း ပြဿနာများ ကြုံတွေ့ရကြောင်း
- တိုင်းရင်းသားဒေသများတွင် မြန်မာစာပေတတ်ရောက်မှုနည်းပါးခြင်းကြောင့် ဖောင်များ ဖြည့်သွင်းရာတွင် အခက်အခဲရှိခြင်း။

**လူထုစည်းရုံးမှုုများထံမှ ရရှိသော အကြံပြုချက်များ**

- ကျားမရေးရာအောင်မြင်မှုဇာတ်လမ်းစာအုပ်များကို ကျေးရွာကော်မတီများအား တစ်ရွာလျှင် ၂ အုပ်ပေး ထားပြီး အလှည့်ကျဖတ်စေခြင်ကြောင်း။
- ကျေးရွာအဆင့် ကျားမရေးရာသင်တန်းအား TTA CSAG နှင့် DRD များ ကိုယ်တိုင် သင်တန်းပေးစေချင်ကြောင်း။
- ကျားမရေးရာအသိပညာပေးပွဲများ မကြာခဏ ပြုလုပ်သင့်ပါကြောင်း။

**ကျားမရေးရာသင်တန်း-**

ယခုသုံးလပတ်အတွင်း ကျေးရွာအဆင့် ကျားမရေးရာသင်တန်းနှင့် ပတ်သတ်ပြီး သင်ရိုးများကို ပြန်လည် သုံးသပ်ခြင်းများ လုပ်ဆောင်မည်ဖြစ်ပါသည်။

**ကျားမရေးရာနှင့် ပတ်သက်သော ကွင်းဆင်းဆောင်ရွက်မှု အခြေအနေ-**

- ချင်းပြည်နယ် တွန်းဇံ မြို့နယ်သို့ လူထုစကားဝိုင်းသို့ သွားရောက်ကူညီခဲ့ရင်း တုံးတွောင် ကျေးရွာနှင့် တွီးတူမ်းကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ကော်မတီဝင်များ၊ ရွာသားများနှင့် တွေ့ဆုံပြီး တိုင်းရင်းသားဒေသဖြစ်သောကြောင့် ဘာသာစကား အခက်

အခဲဖြစ်သောလည်း အမျိုးသမီးများ ပြောရဲဆိုရဲရှိကြောင်းတွေ့ရပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ကိုယ်တိုင်လည်း ပူးပေါင်းပါဝင်မှု အားကောင်း ကြောင်း တွေ့ရပါသည်။

- တုံးတွောင်ကျေးရွာတွင် ကျေးရွာခန်းမဆောင်ရှိခြင်းကြောင့် အစည်းအဝေးများ ၊ ကျန်းမာရေးမှ ပြုလုပ်သော ဟောပြောပွဲများအသုံးပြုခြင်းကြောင့် ကျေးရွာအတွက် အဆင်ပြေကြောင်း၊ ကျောင်းခြံစည်းရိုး ပြုပြင်ခြင်း စီမံကိန်းကြောင့် ကလေးများ ကျောင်းတွင် လုံခြုံစွာ စာသင်ကြားနိုင်ခြင်း၊ တိရစ္ဆာန်များ ဝင်ရောက်မလာနိုင်ခြင်းများကြောင့် ကျေးရွာလူထု အတွက် အဆင်ပြေကြောင်း သိရှိရပါသည်။
- တွီးတူမ်းကျေးရွာ တွင်စီမံကိန်းမှ ရေရှိကြောင့် သီးပင်စားပင်များ စိုက်ပျိုးလာနိုင်ကြောင်း၊ ရေကို ဝယ်ယူသုံးစွဲစရာမလိုတော့ကြောင်း၊ သောက်သုံးရန် ၊ အိမ်သာတွင် အသုံးပြုရန်၊ သန့်ရှင်းရေး အတွက် ရေချိုးရန် အဆင်ပြေသည့်အတွက် ဝမ်းသာကြောင်း ရွာသားများထံမှ ကြားသိခဲ့ရပါသည်။ ထို့အပြင် စီမံကိန်း လုပ်ငန်းခွဲတွင် ပါဝင်ရသောကြောင့် အမျိုးသမီးများအနေဖြင့် ဗဟုသုတများရရှိလာခြင်း၊ ပြောရဲဆိုရဲရှိလာခြင်း၊ ပါဝင်ဆွေးနွေးလာနိုင်ခြင်း၊ အမျိုးသားများကလည်း လက်တွဲခေါ်ယူလာကြခြင်း များ တွေ့ရှိရပါသည်။ ဘာသာစကား အခက်အခဲရှိသော်လည်း ကျေးရွာရှိ အမျိုးသမီးများမှ ပြောရဲဆိုရဲရှိကြောင်းကို တွေ့ရှိရပါသည်။

**၉။ ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာစီမံချက်များ(VDP)**

၂၀။ Phase Out ပြုလုပ်ပြီးစီးခဲ့သည့် မြို့နယ်(၁၈)မြို့နယ် အနက် VDP WS ပြုလုပ်ရန် ကျန်ရှိနေသော မြို့နယ်မှာ ပလက်ဝ (၁) မြို့နယ်သာဖြစ်ပါသည်။ စီမံကိန်းစက်ဝန်း ဒုတိယနှစ်သို့ ရောက်ရှိလာသော မြို့နယ်(၁၆)မြို့နယ်အနက်မှ (၁၄) မြို့နယ်သည် Website တွင် VDP စာအုပ်များအား(၁၀၀%) တင်ထားပြီးဖြစ်သော်လည်း၊ မိုင်းခတ်မြို့နယ်မှာ (16%) သာတင်ထားနိုင်ပြီး၊ ပုဏ္ဏားကျွန်းမြို့နယ်မှာ တင်ထားနိုင်ခြင်းမရှိသေးပါ။

(၃)လအတွင်း VDP Integration Workshop ပြုလုပ်သော မြို့နယ်မှာ ရွှေကျင်မြို့နယ်ဖြစ်ပါသည်။ ကျန်ရှိနေသော အင်္ဂပူ၊ ဂွ၊ မိုင်းခတ်၊ရွှေကျင်၊ပုဏ္ဏားကျွန်း၊ မောက်မယ် စသည် မြို့နယ်များနှင့် စတုတ္ထနှစ်စက်ဝန်းသို့ ရောက်ရှိနေသော မြို့နယ် (၂၀)မှာ VDP Integration Workshop အား (အောက်တိုဘာ ၂၀၁၉- စက်တင်ဘာ ၂၀၂၀) ၏ ဘတ်ဂျက်လအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

# VDP Upload on Website(16 Township)

| VDP Upload on Website(16 Township) | | | | | | |
|---|---|---|---|---|---|---|
| **No** | **Township** | **Village Total** | **upload on website (Y-5)** | **upload on website (Y-6)** | **% of VDP upload** | **Remarks** |
| 1 | Putao | 113 | 113 | 114 | 100% | |
| 2 | Shwegu | 86 | 86 | 86 | 100% | |
| 3 | Hlaingbwe | 458 | 365 | 397 | 100% | |
| 4 | Kawtkareik | 257 | 257 | 258 | 100% | |
| 5 | Tongzang | 93 | 93 | 93 | 100% | |
| 6 | Kyunhla | 110 | 110 | 114 | 100% | |
| 7 | Kani | 187 | 187 | 201 | 100% | |
| 8 | Thegon | 306 | 306 | 307 | 100% | |
| 9 | Shwegyin | 82 | 82 | 103 | 100% | |
| 10 | Momgkhet | 128 | 128 | 20 | 16% | |
| 11 | Maukmai | 105 | 105 | 104 | 100% | |
| 12 | Mabein | 57 | 57 | 54 | 100% | |
| 13 | Ponnagyun | 194 | 126 | 0 | 0% | |
| 14 | Gwa | 166 | 166 | 117 | 100% | |
| 15 | Danubyu | 452 | 445 | 448 | 98% | |
| 16 | Ingapu | 643 | 626 | 80 | 13% | |

## ၁၀။ သိပ္ပံနှင့် လေ့လာသင်ယူခြင်း

| | သုံးလပတ်အတွင်း လုပ်ငန်းတိုးတက်မှု | ပြဿနာများနှင့် နောက်ထပ် လုပ်ဆောင်ချက်များ |
|---|---|---|
| | လူထုစစ်ဆေးပွဲများ | |
| | • ကာလအဆုံး၌ ပဉ္စမနှစ်မြို့နယ် ၆၁ မြို့နယ် အတွက် လူထုစစ်ဆေး ၉၀၈၃ အနက် ၉၀၇၁(၉၉.၈၆%) ပြီးစီးခဲ့ ပါ သည်။<br>• ကာလအဆုံး၌ ဆဋ္ဌမနှစ်မြို့နယ် ၅၄ မြို့နယ် အတွက် လူထုစစ်ဆေး ၈၆၇၀ အနက်၇၀၇၃(၈၁.၅၈%) ပြီးစီးခဲ့ပါ သည်။<br>• ကာလအဆုံး၌ သတ္တမနှစ်မြို့နယ် ၅၄ မြို့နယ် အတွက် လူထုစစ်ဆေး ၃၂၀၇ အနက် ၄၄(၁.၃၇%) ပြီးစီးခဲ့ပါသည်။ | • ဆဋ္ဌမနှစ် လူထုစစ်ဆေးပွဲများ လာမည့် သုံးလ ပတ် အဆုံးတွင် အပြီးသတ် လူထုစစ်ဆေးပွဲ အမြောက် အများ ပြုလုပ်ကြပါလိမ့်မည်။ |
| | **သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေး နွေးပွဲ (MSR) နှင့် စီမံကိန်းလက်စွဲ (OM)** | |
| | • မြို့နယ်အဆင့် **MSR**။ ဤကာလ အတွင်း မြို့နယ် **TMSRs** အား မြို့နယ် အနည်းသာ စတင် ပြုလုပ်နိုင်ခဲ့ပါသည်။ အစည်း အဝေး အားလုံးသို့ ပြည်ထောင်စုနှင့် တိုင်းဒေ သကြီးရုံးမှ အနည်းဆုံး တာဝန် ရှိသူတစ်ဦးမှ တက်ရောက် နိုင်ခဲ့ပါသည်။ **TMSRs** သည် လူထုစစ်ဆေးပွဲ ၈၀.၁၀% ပြီးစီးပြီးသော မြို့နယ် များတွင်သာ ကျင်းပပြုလုပ်နိုင်ပါ သည်။ | • လာမည့်သုံးလပတ်ကာလအတွင်း မြို့နယ် အမြောက် အများ၏ **MSR** များကို ကျင်းပ ပြုလုပ်မည် ဖြစ်သည်။<br>• ပြည်နယ်/တိုင်း ရုံးခန်းများ ထပ်ပေါင်းများ ပြားလာ ခြင်းကြောင့် **UMSR** လုပ်ငန်း စဉ်တွင် တက်ရောက် သူများနှင့် အစည်း အဝေး အရေ အတွက်များကို ကိုင်တွယ်နိုင် ရန် စီမံခန့်ခွဲရေး နည်းလမ်းအသစ်များ ဖန်တီးရမည်။<br>• ပြည်ထောင်စုအဆင့် **MSR**အား သက်ဆိုင် သူ ပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေး ပွဲကို ဇန်နဝါရီလအတွင်း ကျင်းပမည် ဖြစ် ပါသည်။ |
| | **ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်** | |
| | • ဤသုံးလပတ်အတွင်း ပဉ္စမနှစ် ကျေးရွာဖွံ့ ဖြိုးရေး အစီအစဉ် စုစုပေါင်း ( ၁၁၅၂၄ ) ခု အနက် (၁၁၄၇၈) ပြီးမြောက်သည့်အတွက် ၉၉.၆၀% ပြီးမြောက်ခဲ့ပါသည်။ ဆဋ္ဌမနှစ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် စုစုပေါင်း (၁၀၁၆၆) ခု အနက် (၁၀၁၂၀) ပြီး မြောက် | • နောင်သုံးလပတ်တွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆက်လက်လုပ်ဆောင်သွားပါမည်။ |

| | | |
|---|---|---|
| | သည့်အတွက် ၉၉.၅၄% ပြီးမြောက်ခဲ့ပါသည်။ သတ္တမနှစ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် စုစုပေါင်း (၃၄၃၀) ခု အနက် (၃၄၁၅) ပြီးမြောက် သည့်အတွက် ၉၉.၆၀% ပြီးမြောက်ခဲ့ပါသည်။ | |

**၁၁။ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ခြင်း**

| | **သုံးလပတ်အတွင်းလုပ်ငန်းတိုးတက်မှု** | **သုံးသပ်ချက်နှင့် ဆက်လက်ဆောင်ရွက်ချက်များ** |
|---|---|---|
| | - မတ်လတွင် ISM 20အား ကမ္ဘာ့ဘဏ်အဖွဲ့နှင့် Covid-19ရောဂါအခြေ အနေကြောင့် Video Call နည်းစနစ်ဖြင့် အစည်းအဝေး ပြုလုပ်ပြီး ဖြစ်ပါသည်။<br><br>- ဝန်ထမ်း အင်အားစာရင်းအား ဇယားဖြင့် ဖော်ပြထားပါသည်။<br><br><u>**ဝန်ထမ်းရေးရာ**</u><br>• ကဏ္ဍအလိုက် ဝန်ထမ်း ခန့်ထားမှု အခြေအနမှာ ၃၁/၃/၂၀၂၀ထိအောက်တွင် ဖေါ်ပြထားသည့် အတိုင်း ဖြစ်သည်။<br>○ တိုင်းဒေသကြီးရုံးများ- ဇယား ၆<br>○ ကျေးလက် လက်အောက်တွင် အကောင်ထည်ဖော်ဆောင် ရွက်လျက်ရှိသော မြို့နယ်၂၀ ခု- ဇယား ၁၂ | ဆက်လက်ဆောင်ရွက်ချက် - ၁) လုပ်ဆောင်ရန် ကျန်ရှိနေသေးသော မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံ ပါဝင်သည့် သုံးသပ်ဆွေးနွေးပွဲကို အပြီးသတ်မည်။<br><br><u>**ဝန်ထမ်းရေးရာ**</u><br>• **TTA** များနှင့်အတူ မြို့နယ် ၁၆ မြို့နယ်ရှိ ဝန်ထမ်းခန့်ထားမှု အခြေအနေအချို့သော ခြွင်းချက်နှင့်အတူ အဆိုပါမြို့နယ်များသည် ပြီးခဲ့သော သုံးလပတ်တွင် အချို့တိုင်းဒေသကြီးရုံးများမှ ပံ့ပိုးမှုများနှင့်အတူ စီမံကိန်းကို ကောင်းစွာ အကောင် အထည်ဖေါ် လုပ်ဆောင်ကြရမည်။ |

**၁၀။ ဆန္ဒအလျောက်ထည့်ဝင်လှူဒါန်းခြင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်**

၂၁။ သဘာဝဘေးကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအား ထောက်ပံ့ပေးမှုအစီအစဉ် - ဆဋ္ဌမနှစ်တွင် မြို့နယ် ၁၁ မြို့နယ်အနက် (၄)မြို့နယ်မှာ ကျေးရွာ၏အစီစဉ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ပါသည်။ ဒီးမော့ဆိုမြို့နယ်မှာ တောင်းခံထားသည့် လုပ်ငန်းသည် အကျိုးပြု နိုင်ခြေနည်းပါးသည့် လုပ်ငန်း ဖြစ်သည့်အတွက် ရန်ပုံငွေတောင်းခံထားရှိမှု များပြားနေသည်ကို စီစစ်တွေ့ရှိရ ပါသည်။ မြို့နယ်မှသဘာဝပေးဖြင့်တင်ပြထားသည့်လုပ်ငန်းများအား (၂၇.၉. ၂၀၁၉) ရက်စွဲပါစာအမှတ်၊ ၃၅၆၉ /စီမံ-၃ (CDD)/ကျေးလက်(၃)ဖြင့် လုပ်ငန်းပိတ်သိမ်းခွင့်ပြု လိုက်ပြီး ၄င်းလုပ်ငန်းအား စီမံကိန်း ရန်ပုံငွေဖြင့် ဆက်လက်လုပ်ဆောင်ရန် ခွင့်ပြုလိုက်သည်။ ကျန်မြို့ နယ်(၅)မြို့နယ်မှာ သဘာဝ

ဘေးဖြင့် ဆောင်ရွက်ရန် လုပ်ငန်းများအား ရုံးချုပ်သို့ တင်ပြထားပြီး ဖြစ်ပါသည်။ ခွဲဝေလျာထားငွေအား အောက်ပါအတိုင်း ဇယားတွင် အသေးစိတ် ကြည့်ရှုနိုင်ပါ သည်-

**Supplementary Block Grant for Flood Damage Year 6**

| | Township | Block Grant | Included amount for damage |
|---|---|---|---|
| 1 | Danubyu | 19,390,000 | 19,390,000 |
| 2 | Thabaund | 28,000,000 | 28,000,000 |
| 3 | Ngaputaw | 19,669,000 | 19,669,000 |
| 4 | Kyauktan | - | - |
| 5 | Demoso | - | - |
| 6 | Kyaukkyi | - | - |
| 7 | Nyaung U | 19,669,000 | 19,669,000 |
| 8 | Pauk | 8,693,397 | 8,693,397 |
| 9 | Hlaingbwe | 23,960,000 | 23,960,000 |
| 10 | Yamethin | - | - |
| 11 | Ingapu | - | - |
| | **Total** | **99,712,397** | **99,712,397** |

**၁၁။ အစီရင်ခံထားသော သုံးလပတ်အတွင်းကြုံတွေ့ခဲ့ရသောအခက်အခဲများ**

**၂၂။ (က) နည်းပညာပံ့ပိုးမှုအခက်အခဲများ**

**ဓနုဖြူမြို့နယ်**

ဓနုဖြူမြို့နယ်အနေဖြင့် လမ်းကြိတ်စက် အချိန်မီရရှိနိုင်မှု အားနည်းခြင်း၊ လမ်းမီးတိုင်များ အရည် အသွေး အားနည်းခြင်း၊ မီးကြိုး၊ မီးတိုင်များနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူရာတွင် နည်းပညာ အားနည်းခြင်း ဖြစ်ပေါ်နေပါသည်။

**ဆီဆိုင်မြို့နယ်**

ဆီဆိုင်မြို့နယ်၌ လက်ထောက်နည်းပညာမှူးများအားလုံးသည် မြို့ပြ(civil)အင်ဂျင်နီယာများ ဖြစ်သည်အတွက် အဆောက်အဦး၊လမ်းတံတားနှင့် ရေးပေးရေးလုပ်ငန်းများတွင် အခက်အခဲ မရှိသော်လည်းငင်းတို့အနေဖြင့် ရေအားလျှပ်စစ်လုပ်ငန်းများအတွက် အတွေ့ကြုံနှင့် နည်းပညာ အားနည်းချက်များရှိပါသည်။

**မောက်မယ်မြို့နယ်**

မောက်မယ်မြို့နယ်ရှိဟိုလွိုင်ကျေးရွာအုပ်စုတွင်းရှိကုန်းမလန်းကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်အရရွေးချယ်သော ခန်းမဆောင်ဆောက်လုပ်သည့်လုပ်ငန်းအတွက် ကျေးရွာမှ သတ်မှတ်ပေးထားသော မြေနေရာအား အဖွဲ့အစည်းမှ ခွင့်မပြုသဖြင့် စီမံကိန်းလုပ်ငန်းသစ်ထပ်မံ ရွေးချယ်ရန်ရှိပါသည်။ (TPIC) အတည်ပြုချက်များရယူလုပ်ဆောင်သွားမည်ဖြစ်ပါသည်။

ဆိုလာမီးလင်းရေးအတွက်ကျေးရွာမှလုပ်ဆောင်ရာတွင်လူထုလုပ် အားဖြင့်လုပ်ဆောင်လျှက်ရှိသောလည်းကျွမ်းကျင်လုပ်သား(မီးလင်းရေး)အခက်အခဲအနည်း ငယ်ရှိပါသည်။ ယခုအခါ Covid 19 ကူးစက်ရောဂါကြောင့် ကျေးရွာအတွင်းဝင်ရန် အခက်အခဲရှိပါသည်။ အချို့ကျေးရွာများမှာ ဝင်ထွက်ခွင့်ပိတ်ထားလျှက်ရှိသည်။ မောက်မယ်မြို့ပေါ်တွင်လည်း ညဂ့နာရီအပြင် ထွက်ခွင့်အား (၃.၄.၂၀၂၀) တွင်ထုတ်ပြန်ရန် ရှိသည်ဟုသိရပါသည်။

**မဘိမ်းမြို့နယ်**

မဘိမ်းမြို့နယ်၌ Covid 19 အခြေနေကြောင့် တတိယနှစ်စက်ဝန်းရှိစီမံကိန်းလုပ်ငန်း အတည်ပြုရန် မြို့နယ် TPIC အစည်းအဝေးခေါ်ယူတင်ပြခြင်း မပြုနိုင်ပါ။

**မိုင်းခတ်မြို့နယ်**

မိုင်းခတ်မြို့နယ်၌ COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်သည့် ကာလ ၂၀၂၀ ခုနှစ်၊ မတ်လမှ စတင်၍ ကျေးရွာများသို့ ပုံမှန်သွားရောက်ကာ လူထုနှင့် တွေ့ဆုံဆွေးနွေး နည်းပညာပံ့ပိုးရန် အခက်အခဲ အနည်းငယ် ရှိပါကြောင်းတင်ပြအပ်ပါသည်။

**ပေါက်မြို့နယ်**

လက်ထောက်နည်းပညာမှူးများသည် Civil များ ဖြစ်သည့် အတွက် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြီးကြပ်နိုင်မှု၊ အကြံပေးနိုင်မှု အားနည်းခြင်း၊ မြို့နယ်အတွင်း ကျွမ်းကျင်လုပ်သားရှားပါးခြင်း၊ မီးကြိုးမီးတိုင်များမှာလည်း ဒေသအတွင်း အကန့်အသတ်ဖြင့်သာ ရရှိခြင်းတို့ကြောင့် လုပ်ငန်းခွဲများဆောင်ရွက်ရာတွင် အခက်အခဲအနည်းငယ် ရှိပါကြောင်း တင်ပြအပ်ပါသည်။

**ထီးလင်းမြို့နယ်**

Regional Infra များနှင့် ROC တို့သည် လစဉ်ပုံမှန် လာရောက်ကွင်းဆင်းပြီး သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်သည်များကို ကူညီပံ့ပိုးပေးခြင်း၊ စီမံကိန်းကျေးရွာများရှိ စီမံကိန်း လုပ်ငန်းခွဲများအား ကွင်းဆင်းစစ်ဆေးခြင်း၊ ကျေးရွာလူထု/ကော်မတီများနှင့် တွေ့ဆုံ ဆွေးနွေးခြင်း၊ အကြံဉာဏ်များပေးခြင်း၊ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး လုပ်ငန်းဆိုင်ရာကိစ္စများ ညှိနှိုင်း ဆွေးနွေး အကြံပေးခြင်းများ ဆောင်ရွက်ခဲ့သည့်အတွက် နည်းပညာပိုင်းဆိုင်ရာများတွင် အခက်အခဲမရှိ ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဆောမြို့နယ်**

စီမံကိန်းလုပ်ငန်းများဖြစ်သော RC တံတား နှင့် ကြိုးတံတား များအတွက် ကျွမ်းကျင် လုပ်သား ရှားပါးခြင်း။ လက်ထောက်နည်းပညာမှူးများ ရေပေးဝေရေးလုပ်ငန်းအတွက် တွက်ချက်မှုပိုင်း ဆိုင်ရာတွင် အားနည်းမှုရှိခြင်း။ လက်ထောက်နည်းပညာမှူးများ Steel Structure လုပ်ငန်းများ အတွက် တွက်ချက်မှု ပိုင်းဆိုင်ရာတွင် အားနည်းမှုရှိခြင်း။ လက်ထောက် နည်းပညာမှူးများ မီးလင်း ရေးလုပ်ငန်းများအတွက်တွက်ချက်မှု ပိုင်းဆိုင်ရာတွင် အားနည်းမှုရှိခြင်း။

**ရွှေကူမြို့နယ်**

ပြည်နယ်ရုံးမှ TF များအားရုံးပိုင်းနည်းပညာပိုင်းဆိုင်ရာပံ့ပိုးပေးလျှက်ရှိသော်လည်း အမှန် တကယ်စီမံကိန်းလုပ်ငန်းခွဲ ဆောင်ရွက်သောအချိန်တွင်ပိုမိုပံ့ပိုးပေးစေချင်ပါသည်။

**လွိုင်ကော်+ရှားတောမြို့နယ်**

ရှားတောမြို့နယ်တွင် စီမံကိန်းလုပ်ငန်းခွဲများ ဆောင်ရွက်ရန်အတွက် ကျွမ်းကျင် လုပ်သားရှား ပါးခြင်းကြောင့် လွိုင်ကော်မှ ငှားရမ်းအသုံးပြုရခြင်း။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံး**

စတုတ္ထနှစ်စက်ဝန်းအတွက် ပြုလုပ်ပြီးဖြစ်သော မြို့နယ်အဆင့်သင်တန်းများ၊ မြို့နယ်စီမံကိန်း ရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ အစည်းအဝေးများ၊ ကျေးရွာအဆင့် အစည်းအဝေး များ၊ သင်တန်းများအားလုံး၊ နည်းပညာအစည်းအဝေးများအဆင်ပြေမှုရှိပါသည်။ နည်းပညာစည်းရုံး ရေးမှူးများသည် အသစ်များဖြစ်ပြီး အတွေ့အကြုံနည်းခြင်းကြောင့် ခန့်မှန်းကုန်ကျစရိတ်တွက် ချက်ခြင်းနှင့် ဒီဇိုင်းများရေးဆွဲရန် အချိန်ပေးသည့် ကာလထက်အနည်းငယ်နောက် ကျနေသည်ကို တွေ့ရှိရပါသည်။ စီမံကိန်းလုပ်ငန်းခွဲများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အချို့သော နည်း ပညာစည်းရုံးရေးဝန်ထမ်းများသည် လုပ်ငန်းအတွေ့အကြုံအားနည်းခြင်းကြောင့် အနည်းငယ်အားနည်း ချက်ရှိသည် ကိုတွေ့ရပါသည်။ ပြည်နယ်အင်/ယာနှင့် မြို့နယ်အင်/ယာ အဖွဲ့မှလည်း ကူညီပံ့ပိုးကြ ပါသည်။

**ပုဏ္ဏားကျွန်း**

ကျေးရွာအများစုတွင် ကွန်ကရစ်အသားနှပ်ခြင်းလုပ်ငန်းအား အရည်အသွေးပြည့် မီစေရန် သတ်မှတ်ကာလထားဆောင်ရွက်မှုအားနည်းနေသေးသည်။ (ဥပမာ- လမ်းအားရေ လောင်းပေးခြင်း၊ အသုံးပြုမှုရပ်တန့်ထားခြင်း)

**ပလက်ဝမြို့နယ်**

ကျန်ရှိသော စီမံကိန်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ရန် မြို့နယ် Infrastructure နှင့်ပူးပေါင်းဆောင်ရွက်ရန် ပြည်နယ် Infrastructure မှ ကူညီဆောင်ရွက် ပေးစေလိုပါသည်။

**မတူပီမြို့နယ်**

ရေအားလျှပ်စစ်မီးလင်းရေး။ အသေးစားရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ဒီဇိုင်း၊ တွက်ချက်မှုများ တွက်ချက်ရေးနှင့် လုပ်ငန်းကြီးကြပ်ရေးလုပ်ငန်းစဉ်အတွက် ကျွမ်းကျင်ဝန်ထမ်းများမရှိသဖြင့် အခက်အခဲများ တွေ့ရသည်။ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ဆက်သွယ်အကူညီတောင်းခံသော်လည်း မရရှိခဲ့ပါ။

**တွန်းဇံမြို့နယ်**

လက်ထောက်နည်းပညာမှူးများမှာ ကျောင်းပြီးစအတွေ့အကြုံနည်းပါးသေးသဖြင့် နည်းပညာ ထောက်ပံ့မှုသင်တန်းများလိုအပ်ပါသည်။(ဥပမာ – Auto card training, Water , Electricity,) ရေ အရည်အသွေး စမ်းသပ်ရာတွင်လည်း အသုံးပြုရမည့် ဆေးများ ပြည့်စုံစွာ မရှိသည့်အတွက် စစ်ဆေးရမည့် အရေအတွက်မပြည့်စုံနိုင်ခြင်း။

**ပျဉ်းမနားမြို့နယ်**

လက်ထောက်နည်းပညာမှူးများမှတင်ပြလာသော SP Estimation များကို Regional Infra Assistant မှကူညီစစ်ဆေးပြီးစီးခဲ့ပြီး ဖြစ်ပါသည်။ ကျေးရွာပေါင်း(၈)ရွာတွင် တတိယအကြိမ်၊ စတုတ္ထအကြိမ်အစည်းအဝေးများရပ်ဆိုင်း ထားရသဖြင့်လုပ်ငန်းမတင်နိုင်သေးပါ။ TF (၂) ဦးနှင့် CF (၃) ဦး တို့မှာ ညွှန်ကြားချက်ကိုမလိုက်နာပဲ ပိတ်ရက်အတွင်း မိမိ နေအိမ်သို့ပြန်သွားခဲ့ကြပါသည်။

၎င်းတို့ အနက် TF တစ်ဦးနှင့် CF တစ်ဦးတို့မှာ မိမိအစီအစဉ်ဖြင့် ကွာရန်တင်း ဝင်ရောက်လျက်ရှိပါသည်။ ကျန်TFတစ်ဦးမှာပျဉ်းမနား မြို့နယ်သို့ ရောက်ရှိလာခြင်းမရှိသေးပါ။ ရုံးတွင်း လုပ်ငန်းများနှင့် ကွင်းဆင်းလုပ်ငန်းများကို အထက်မှညွှန်ကြားချက်အတိုင်း တိကျစွာ လိုက်နာ ဆောင်ရွက်လျက်ရှိပါသည်။

**ပန်းတောင်းမြို့နယ်**

ပန်းတောင်းမြို့နယ်တွင် ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများ အရေအသွေးကောင်းမွန်ရန်အတွက် EPC ဌာနနှင့် ချိတ်ဆက် လုပ်ကိုင်ရပြီး ၎င်းဌာန၏ ဌာနလုပ်ငန်းများပြီးစီးမှသာ ဆောင်ရွက်ပေးသောကြောင့် လုပ်ငန်းပြီးစီးရန် ကျန့်ကြာမှုများ ရှိပါသည်။

**ရွှေကျင်မြို့နယ်**

ရွှေကျင်မြို့နယ်တွင် လက်ထောက်နည်းပညာမှူးများအနေဖြင့် လျှပ်စစ်မီးလင်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းပညာပိုင်းဆိုင်ရာ အခက်အခဲများရှိပါသည်။

**ကျောက်တန်းမြို့နယ်**

ကျေးရွာလူထု ၅ဂရာခိုင်နှုန်းတက်ရောက်မှုမရှိသောကြောင့် အစည်းအဝေးများ အကြိမ်ကြိမ်လုပ်ရခြင်း။ စီမံကိန်းလုပ်ငန်းများ လုပ်ဆောင်ရာတွင် ကျေးရွာများမှာ တပြိုင်နက်တည်း ပြုလုပ်ရခြင်းကြောင့် လုပ်ငန်းသုံး ပစ္စည်းများ ပြတ်လက်မှုရှိခြင်း။ ကျွမ်းကျင် ပညာရှင်နည်းပါးခြင်း ကပ်ရောဂါဆိုးပေါ်ပေါက်လာသောကြောင့် ကျေးရွာများတွင် အစည်းအဝေးပွဲများပြုလုပ်ခွင့် မရတော့သောကြောင့် လုပ်ငန်းများ ရပ်ဆိုင်းထားရခြင်း။

စီမံကိန်းလုပ်ငန်းခွဲများကို ဝန်ထမ်းများမှ အနီးကပ်စောင့်ကြည့်နှုန်းကို လျော့လိုက်ခြင်းကြောင့် ဖုန်းဖြင့် ဆက်သွယ်လုပ်ဆောင်နေသော်လည်း စီမံကိန်း အရည်အသွေး ကျဆင်းမည်ကို စိုးရိမ်ရခြင်း။ ကျေးရွာများတွင် ပြည်တော်ပြန်များ ပြန်လည်ဝင်ရောက်လာသောကြောင့် ဝန်ထမ်းများသို့ ရောဂါကူးစက်မည်ကို စိုးရိမ်ရခြင်း။

**ငပုတောမြို့နယ်**

ငပုတောမြို့နယ်တွင် အဆောက်အဦ၊ တံတားလုပ်ငန်းများလုပ်ရာတွင် အောက်ခံမြေ အနေအထား၊ budget ကန့်သတ်မှုများရှိ၍ အထူးသတိထားဆောင်ရွက်ရန်ရှိပါသည်။ ငပုတောမြို့နယ်အတွက် တိုင်းအင်/ယာများမှ ပုံမှန်ကွင်းဆင်းစစ်ဆေး ပံ့ပိုးမှုများရှိနေ၍ ငပုတောမြို့နယ်အတွက် အထောက်အပံ့ ဖြစ်စေပါသည်။

**ဓနုဖြူမြို့နယ်**

ဓနုဖြူမြို့နယ်တွင် လမ်းကြိတ်စက် အချိန်မီရရှိနိုင်မှု အားနည်းခြင်း၊ လမ်းမီးတိုင်များ အရည်အသွေး အားနည်းခြင်း၊ မီးကြိုး၊ မီးတိုင်များနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူရာတွင် နည်းပညာအားနည်းခြင်း။

**(ခ) စီမံကိန်းမှ ထောက်ပံ့သောအသုံးအဆောင်ပစ္စည်းအခက်အခဲများ**

**ဓနုဖြူမြို့နယ်**

ဓနုဖြူမြို့နယ်အနေဖြင့် TVS ,DT အပိုပစ္စည်းများ အလွယ်တကူ ဝယ်ယူရရှိနိုင်မှု ခက်ခဲခြင်း၊ Computer များ  Servicing လုပ်ရန် IT ကျွမ်းကျင်သူတစ်ဦး ရုံးသို့ လာရောက် စစ်ဆေး ပေးနိုင်ပါက ပိုမိုအဆင်ပြေမည်ဖြစ်ပါသည်။

**ရမည်းသင်းမြို့နယ်**

လမ်းလုပ်ငန်းများအတွက် စက်ယန္တရားများ အချိန်နှင့် တပြေးညီငှားရန် အခက်အခဲရှိပါသည်။

**ဆီဆိုင်မြို့နယ်**

ဆီဆိုင်မြို့နယ်၌ အချို့ဆိုင်ကယ်များသည် ပြင်ဆင်ရန်လိုအပ်နေသည်။

## မောက်မယ်မြို့နယ်

မောက်မယ်မြို့နယ် ကဒူးကြီးကျေးရွာအုပ်စုရှိ နားဟီးကျေးရွာခန်းမဆောင် ဆောက်လုပ်ရန် ဘိလပ်မြေ/ကျောက်ရရှိရန်ခက်ခဲခြင်း၊ ဘဏ်တွင်ငွေအလုံအလောက်မရှိ၍ အရစ်ကျ ငွေအား ခွဲထုတ်ရခြင်း။ ကျေးရွာကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းအတွက် လမ်းကြိတ်စက်၊ ကွန်ကရစ် ဖျော်စက်များ အလုံအလောက်မရခြင်း၊ (နတလ)တံတားဆောက်လုပ်နေသည့် ကျေးရွာအဖက်ခြမ်းတွင် လမ်းလွှဲများ ဆောက်ပေးသော်လည်း လမ်းမတ်စောင်ခြင်းကြောင့် ပစ္စည်းသယ်ယူရန် ခက်ခဲသည်။

## ရှမ်းပြည်နယ်

ဆီဆိုင်မြို့နယ် ၊ မောက်မယ်မြို့နယ်၊ မဘိမ်းမြို့နယ် မိုင်းခတ်မြို့နယ်စသည့် ရှမ်းပြည်နယ်တောင်ပိုင်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း မြို့နယ်များ၌စီမံကိန်းမှထောက်ပံ့ပေးသော ပစ္စည်း အမျိုးအစားများအတွက် အပိုပစ္စည်း ဝယ်ယူရန်ခက်ခဲခြင်း၊ Serviceပြုလုပ်ရန်အတွက် နည်းပညာရှင် ခေါ်ရန်အခက်အခဲရှိခြင်း များရှိပါ ကြောင်းတင်ပြအပ်ပါသည်( Samsung Copier Machine (Multi Xpress k3300NR) နှင့် Canon Printer  Canon Printer (Image CLASS LPB 214dw) တို့ဖြစ်ပါသည်။

## ဆောမြို့နယ်

Honda (125) မော်တော်ဆိုင်ကယ်အတွက် အပိုပစ္စည်းများ ရှားပါးပါကြောင်း၊ ပျက်လျှင် ဆောမြို့နယ်၌ ပြင်ဆင်ရန်ခက်ခဲပါကြောင်း၊ Cannon (214) Printer အတွက် Catridge အပိုပစ္စည်းဝယ်ယူ၍ မရသေးပါကြောင်း တင်ပြအပ်ပါသည်။

## ပူတာအိုမြို့နယ်

Photo Copier မှာ စာရွက်မကြာခဏ ညပ်ခြင်းကြောင့် အလုပ်မတွင်ခြင်း ကြုံတွေ့ရသည်။ ဆိုင်ကယ်အပိုပစ္စည်းများအချိန်မီမရရှိခြင်းကြောင့် ကွင်းဆင်းရာတွင် အခက်အခဲကြုံ တွေ့ရသည်။ First Aid Kit များမရှိခြင်းကြောင့် ကွင်းဆင်းချိန် ဖြုတ်ကိုက်၊ ကွ ျတ်တွယ်ခြင်း၊ မတော်တဆ ထိခိုက်ဒဏ်ရာများအတွက် ဆေးဝါးအခက်အခဲကြုံတွေ့ရသည်။

## ရွှေကူမြို့နယ်

Color Printer မကောင်းတော့ပါသဖြင့် Campignများ နှင့်မြို့နယ်အဆင့် ပြုလုပ်သောပွဲများတွင် ဓါတ်ပုံထုတ်ခြင်း၊ လက်ကမ်းစာစောင်များထုတ်ဝေရန်အခက်အခဲဖြစ်ရပါသည်။ စီမံကိန်းဆိုင်ကယ်များထားရှိရာတွင် နေပူမိုးရွာထဲတွင်ထားရှိ ရပါသောကြောင့် ဆိုင်ကယ်ထားရှိရန်အဆောက်အဦ နှင့် စီမံကိန်းဖိုင်များသိမ်းဆည်းရန်ဖိုင်စင်များလိုအပ်ပါသည်။

## လွိုင်ကော်+ရှားတောမြို့နယ်

လွိုင်ကော်မြို့နယ်တွင် စီမံကိန်းလုပ်ငန်းခွဲများ တိုက်ဆိုင်မှုရှိနေပါသဖြင့် ကျောက်၊ သဲ၊ အုတ်များအချိန်မှီ  မရရှိနိုင်ခြင်း၊ လမ်းကြိတ်စက်များငှါးရမ်းရာတွင် ခက်ခဲမှုများရှိ နေပါသည်။

ရှားတောမြို့နယ်တွင် သစ်များရှားပါးခြင်း၊ သဲ၊ ကျောက်များရှားပါးခြင်း၊ ဘိလပ်မြေများနှင့် အခြား ပစ္စည်းများ သယ်ယူစရိတ်မြင့်တက်မှုများ ကြုံတွေ့ရပါသည်။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးခွဲသည် DT ဆိုင်ကယ်ကို (၁၀)စီးပံ့ပိုးပေးခဲ့ပါသည်။ သို့သော်လက်ရှိအချိန်တွင် ဆိုင်ကယ်အကြီး(၁)စီးသည်ပျက်စီးပြီး ပြန်လည် ပြင်ဆင်ရန်ကြိုးစားသော်လည်း အပိုပစ္စည်း များမရှိခြင်းကြောင့် အခက်အခဲကြုံတွေ့ရပါသည်။

TVS ဆိုင်ကယ်များသည် အင်ဂျင်ပါဝါ ၁၁၀ သာရှိသောကြောင့် ဖားဆောင်းမြို့နယ်၊ မော်ချီး ဒေသ သို့ကွင်းဆင်းသွားသည့်အခါ တောင်မတက်နိုင်ခြင်းများနှင့် ကြုံတွေ့နေရ ပါသည်။ စီမံကိန်းမှ ပံ့ပိုးပေးသောပစ္စည်းများသည် လုပ်ငန်းများအကောင်အထည်ဖော်ရန်အတွက်လုံလောက်မှု ရှိပါသည်။

**ပုဏ္ဏားကျွန်း**

ကျောက်ချောလမ်းများ ဖောက်လုပ်ရာတွင် လမ်းခင်းကျောက်ရရှိနိုင်မှုနှင့် လမ်းကြိတ်စက် ရရှိနိုင်မှုများခက်ခဲပါသည်။ ကွန်ကရစ်ဖျော်စက် ငှားရမ်းမှုခက်ခဲခြင်း၊ ငှားရမ်းခ ဈေးနှုန်းကြီးမား နေသည်။

**မတူပီမြို့နယ်**

ကျေးရွာစီမံကိန်းလုပ်ငန်းခွဲများအတွက် ဒေသတွင် မရရှိနိုင်သည့် ပစ္စည်းများ သယ်ယူစရိတ် ကြီးမြင့်ခြင်း၊ မော်တော်ယာဉ်လိုင်းများ ရပ်နားခြင်းကြောင့်လုပ်ငန်းသုံးပစ္စည်းများဝယ်ယူမရသဖြင့် အချို့လုပ်ငန်းများ ရပ်နားထားကြပါသည်။

လုပ်ငန်းသုံး ယာဉ်၊ စက်အပိုပစ္စည်းများ လိုသလို အချိန်မီ မရရှိနိုင်ခြင်း၊ ကျွမ်းကျင် စက်ပြင် များ မရှိခြင်းကြောင့် လုပ်ငန်းသုံးယာဉ်၊ စက်ပစ္စည်းများ ပျက်စီးမှုကို အချိန်မီ ပြုပြင်နိုင်ခြင်း မရှိသဖြင့် အချို့လုပ်ငန်းစဉ်များ နောက်ကျရခြင်းများ ရှိပါသည်။

**တွန်းဇံမြို့နယ်**

Honda 125 (DT) ဆိုင်ကယ်များ၏ အရံပစ္စည်းများဝယ်ယူရန် အခက်အခဲရှိပါသည်။ Tablet Huawei များသည် Power supply ပိတ်သွားသဖြင့် ပြန်ဖွင့်၍ မရသည့် အခက်အခဲ ရှိပါသည်။ နေပြည်တော် Procurement Team တို့ Tablet Huawei (၃)လုံး ပေးပို့ထားပါသည်။ နေပြည်တော် ရုံးချုပ်မှ တွန်းဇံမြို့နယ်အတွက် မြန်မာဘာသာဖြင့် ဗွီနိုင်း(၃၅)စုံသာ လက်ခံရရှိပြီး မြို့နယ်အတွင်း ကျေးရွာ(၉၃)ရွာရှိသည့်အတွက် ဗွီနိုင်းအရေအတွက် လုံလောက်မှု မရှိခြင်း၊ ကျေးရွာတိုင်းတွင် ထားရှိ သည့် ဗွီနိုင်းများ လေတိုက်သည့်အတွက် ပျတ်စီးမှုများရှိပါသည်။

**ပျဉ်းမနားမြို့နယ်**

နောက်ဆုံးနှစ်မြို့နယ်ဖြစ်သည့်အတွက် ဆိုင်ကယ်များမကြာခဏပျက်စီးမှုရှိပါသည်။ လုပ်ငန်း များ နှောင့်နှေးကြန့်ကြာမှုမရှိစေရန်အတွက် ပြင်ဆင်မှုများအချိန်မှီခွင့်ပြုပေးရန် လိုအပ်ပါသည်။ မြို့နယ်တွင် ရွာဖိုင်များထားရှိရန် ဗီဒိုအခက်အခဲရှိပါသည်။ စီမံကိန်းသုံးမော်တော်ယဉ်မှာ မတော်

တဆထိခိုက်မှုဖြစ်ပွားခဲ့ရာ လုံးဝပြုပြင်လို့မရသည့် အခြေအနေရှိသဖြင့် အထက်အဆင့်ဆင့်မှ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

**ပေါင်မြို့နယ်**

စီမံကိန်းဆောင်ရွက်ဆဲမြို့နယ်ဖြစ်သည့် ပေါင်မြို့နယ်တွင်Tablet များပျက်စီးခြင်း၊ မော်တော်ဆိုင်ကယ်များနှင့် မိတ္တူကူးစက်များအတွက် အပိုဆက်စပ်ပစ္စည်းများရရှိရန် အခက်ခဲ ရှိပါသည်။ Tablet(၉)လုံး ပျက်စီးမှုကြောင့်M&E/MIS Dataများ Upload တင်ရန် အခက်အခဲရှိပါသည်။ Honda 125 ဆိုင်ကယ်အကြီးများအတွက် အပိုပစ္စည်းများရရှိရန် အခက်အခဲရှိပါသည်။

**ကျောက်တန်းမြို့နယ်**

နေပြည်တော်သို့ပေးပို့ထားသော Tablet ( ၂ )လုံးကို အမြန်ဆုံး ပြင်ဆင်ပြီး ပြန်လည်ပေးပို့စေချင်ပါသည်။

**ကွမ်းခြံကုန်းမြို့နယ်**

ဝန်ထမ်းများအား Tablet (၃၅) လုံး ပေးထားပြီး Tablet (၁၁) လုံး ပျက်စီး (၁) လုံး ပျောက်ဆုံးနေပါသဖြင့် ပျက်စီးနေသော (၁၁) လုံးအား အမြန်ဆုံး ပြန်လည်ပြင်ဆင် ပေးနိုင်ပါက ပိုကောင်းပါမည်။ သို့မှသာ ဒေတာသွင်းခြင်းအား နှောင့်နှေးမှု မရှိမှာ ဖြစ်ပါသည်။

စီမံကိန်းစက်ဝန်းပြီးစီးသည်မှာ (၃) နှစ် ရှိပြီဖြစ်သောကြောင့် ဖိုင်တွဲများထားရှိရန် နေရာများ စီစဉ်ပေးသင့်ပါသည်။ (ဥပမာ။ တစ်နှစ်စာအတွက် ဖိုင်တွဲများထားရှိရန် သော့ခတ်၍ရသော ဘီဒိုများ တစ်နှစ်လျှင် Sector တစ်ခုအတွက် အနည်းဆုံး တစ်လုံးခန့်လိုအပ်ပါသည်။ (Finance, M & E, Procurement and Infra Sector များအတွက်)

**ဓနုဖြူမြို့နယ်**

ဓနုဖြူမြို့နယ်တွင် TVS ,DT အပိုပစ္စည်းများ အလွယ်တကူ ဝယ်ယူရရှိနိုင်မှု ခက်ခဲခြင်း၊ Computer များ Servicing လုပ်ရန် IT ကျွမ်းကျင်သူတစ်ဦး ရုံးသို့ လာရောက် စစ်ဆေးပေးနိုင်ပါက ပိုမိုအဆင်ပြေမည်ဖြစ်ပါသည်။

**(ဂ) ဝန်ထမ်းဆိုင်ရာအခက်အခဲ**

**ဓနုဖြူမြို့နယ်**

ဓနုဖြူမြို့နယ်အနေဖြင့် လူထုစည်းရုံးရေးမှူးတစ်ဦး လစ်လပ်သဖြင့် အစားထိုးခန့်ထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ရမည်းသင်းမြို့နယ်**

ဒေါ်ဆွေဆွေမြင့်(လူထုစည်းရုံးရေးမှူး)မှ အလုပ်ထွက်ခွင့်တင်ထားပါသည်။

**မဘိမ်းမြို့နယ်**

မဘိမ်းမြို့နယ်တွင် ပြည်ထဲရေး အမည်မပေါက်ကျေးရွာ (၉) ရွာထက်မံတိုးလာသည့် အပေါ် CFs ၊ TF (၂) ဦးလိုအပ်လျက်ရှိပါသည်။

**မိုင်းခတ်မြို့နယ်**

မိုင်းခတ်မြို့နယ်၌ လက်ထောက်နည်းပညာမှူးရာထူး နှင့် လူထုစည်းရုံးရေးမှူး ရာထူးများ လစ်လပ်ပါက အစားထိုးခန့်အပ်နိုင်ရန် မိုင်းခတ်မြို့နယ်အတွင်း သတ်မှတ်အရည်အချင်း နှင့် ကိုက်ညီသော၊ ဒေသဘာသာစကားဖြင့် ကောင်းမွန်စွာဆက်သွယ်ပြောဆိုနိုင်သော လူအရင်းအမြစ်များ နည်းပါးပါကြောင်း တင်ပြအပ်ပါသည်။

**ပေါက်မြို့နယ်**

မြို့နယ်တွင် အင်ဂျင်နီယာ(၁)ဦးသာရှိပြီး CDD လုပ်ငန်းများ အပြင် ပင်မ DRD လုပ်ငန်းများ ပါပူးတွဲဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ အဆိုပါ မြို့နယ်အင်ဂျင်နီယာသည် နုတ်ထွက်ခွင့်တင်ပြီး ဌာနမှ နုတ်ထွက်သွားပါသဖြင့် Civil အင်ဂျင်နီယာ(၁)ဦး အမြန်ခန့်ထားပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**ပူတာအိုမြို့နယ်**

လူထုဗဟိုပြုစီမံကိန်းတွင် တာဝန်ပေးထားသော ကျေးလက်ဦးစီးမှ ဝန်ထမ်းများ မိခင်ဌာန လုပ်ငန်းများ ရှိနေခြင်းကြောင့် စီမံကိန်းတွင် အချိန်ပေးနိုင်မှု နည်းပါးလျက် ရှိပါသည်။

**ရွှေကူမြို့နယ်**

လက်ထောက်နည်းပညာမှူးတစ်ဦးလျင် စီမံကိန်းလုပ်ငန်းခွဲ(၂၀)ကျော် ဆောင်ရွက်နေရခြင်းကြောင့် Estimate တွက်ခြင်း၊ Infra file ပြုလုပ်ခြင်း၊ RE ပြန်လည်တွက်ချက်ခြင်းလုပ်ငန်းများတွင် နှောင့်နှေးကြန့်ကြာခဲ့ရပါသည်။ သို့ဖြစ်ပါ၍ လက်ထောက် နည်းပညာမှူး(တစ်) ထပ်မံခန့်ထားပေးနိုင်ပါက လုပ်ငန်းများ အချိန်မှီပြီးစီးနိုင်မည် ဖြစ်ပါသည်။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

လူထုစည်းရုံးရေးမှူးများ၊ နည်းပညာစည်းရုံးရေးမှူးများနှင့် ကျေးလက်ဝန်ထမ်း Counterpart များသည် အပြောင်းအလဲများခြင်းကြောင့် စီမံကိန်းအကောင်အထည် ဖော်မှုတွင် အနည်းငယ်အားနည်းစေပါသည်။ အကြောင်းမှာ အထူးသဖြင့် နည်းပညာစည်းရုံးရေးမှူးများသည် အတွေ့အကြုံရပြီးစီမံကိန်းလုပ်ငန်းခွဲများကို ကောင်းစွာဦးဆောင်အကောင်အထည်ဖော်နိုင်သည့်အချိန်တွင် အလုပ်မှရပ်နားပြီး အသစ်ထပ်မံခေါ်ယူသောဝန်ထမ်းသည် အတွေ့အကြုံအားနည်းခြင်းကြောင့် စီမံကိန်းအကြောင်းကို အသစ်မှတဆင့်ပြန်စရသောကြောင့် လုပ်ငန်းကို အခက်အခဲဖြစ် စေပါသည်။

ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်သည် အလွန်ဝေးကွာပြီး ဒေသအခြေအနေ ခက်ခဲသောကြောင့် အတွေ့အကြုံရှိသောဝန်ထမ်းများသည်လည်း မိမိတို့မြို့နယ်သို့ အလုပ်များ လာရောက်လုပ်ကိုင်လိုစိတ် မရှိသည်ကိုတွေ့ရှိရပါသည်။

**ပုဏ္ဏားကျွန်း**

စစ်ပွဲကြောင့် ဒေသတည်ငြိမ်မှုနည်းပါးကာ ဝန်ထမ်းများလုပ်ငန်းခွင်များသို့ အချိန်မီ ကွင်းဆင်းစစ်ဆေးကြီးကြပ်နိုင်ခြင်းအကြိမ်ရေနည်းပါးနေသေးသည်။ ကွင်းဆင်းလုပ်ဆောင်ရန် စီစဉ် ထားသော်လည်း ကူးစက်ရောဂါဖြစ်ပွားနေမှုကြောင့် လုပ်ဆောင်ရန်စီစဉ်ထားသော လုပ်ငန်းများကို ဖျက်သိမ်းခဲ့ရပါသည်။ ဝန်ထမ်းများကိုလည်း ရုံးတွင်းစုပြုံအလုပ်လုပ်ကိုင်မှုအစားမိမိတို့နေထိုင်ရာနေအိမ်၊ အဆောင်များတွင် မိမိတို့နှင့်သက်ဆိုင်သော ရုံးလုပ်ငန်းများကိုလုပ်ကိုင်စေပြီး ရုံးလုပ်ငန်းများကို ဆောင်ရွက်စေပါသည်။

**ဂွမြို့နယ်**

ဂွမြို့နယ် လူထုဗဟိုပြုစီမံကိန်းတွင် လက်ထောက်နည်းပညာမှူး (၁)လစ်လပ်နေပြီး ခေါ်ယူရန် စီစဉ်ပြီး ဖြစ်ပါသည်။

**မတူပီမြို့နယ်**

နှုတ်ထွက်/အစားထိုးခန့်ထားခြင်း အစီရင်ကာလ(ယခုသုံးလပတ်)အတွင်း ဝန်ထမ်းများ နှုတ်ထွက်/ခန့်ထားခြင်းနှင့်ပတ်သတ်၍ လက်ထောက်နည်းပညာမှူး (၄)ဦး (ကျား-၂၊ မ-၂)နှင့် လူထုစည်းရုံးရေးမှူး (၆)ဦး (ကျား-၅၊ မ-၁) စုစုပေါင်း ဝန်ထမ်း (၁၀)ဦး (ကျား-၇၊ မ-၃)အား အစားထိုး ခန့်ထားနိုင်ခဲ့ပါသည်။

ဝန်ထမ်းရေးရာနှင့် ပတ်သက်၍ သုံးသပ်တင်ပြချက်။ လူထုစည်းရုံးရေးမှူး အများစုမှာ ပညာရေး ဌာနသို့ နေ့စားလပေး ဝန်ထမ်းအဖြစ် အလုပ်ရရှိ၍ နှုတ်ထွက်သွားကြခြင်းဖြစ်ကာ အစားထိုး ခန့်ထားရေးအတွက်လည်း အခက်အခဲမရှိပါ။ လက်ထောက်နည်းပညာမှူးအများစုသည် အလုပ် စတင်ဝင်ရောက်ပြီး ဒေသ၏ ခက်ခဲမှုအား မခံနိုင်ခြင်း၊ အခြားအဖွဲ့အစည်းများသို့ အလုပ်သစ်ဝင်ရောက်ခြင်းများကြောင့် နှုတ်ထွက် သွားကြပြီး အစားထိုးခန့်ထားရေးတွင် ဒေသခံနည်းပညာကျောင်းဆင်း နည်းပါးမှုကြောင့် အခက်အခဲအနည်းငယ်ရှိပါသည်။ ပြည်မမှ လာရောက်တာဝန်ထမ်းဆောင်သူများအနေဖြင့် ဒေသခက်ခဲမှုကြောင့်သော်လည်းကောင်း၊ အခြားလမ်းပန်းဆက်သွယ်ရေးပိုမိုလွယ်ကူ အဆင်ပြေသော လူထုဗဟိုပြုစီမံကိန်း မြို့နယ်များနှင့် ရရှိသည့်လစာများ တူညီနေမှုကြောင့်စိတ်ဝင်စားမှု လျော့ခြင်းဖြစ်နိုင် ကြောင်းသုံးသပ်ရပါသည်။

**တွန်းဇံမြို့နယ်**

TDRD (Counterpart) ဝန်ထမ်းများဖြစ်သည့် (Infra, M&E, Finance) တို့သည် တွန်းဇံမြို့ပေါ်တွင် အိမ်ငှားနေရသည့် အတွက် ငွေကြေးကုန်ကျမှု များခြင်းကြောင့် စားဝတ်နေရေး အဆင်မပြေမှုများရှိပါသည်။

**ကျောက်ကြီးမြို့နယ်**

ကျောက်ကြီးမြို့နယ်တွင် မြို့နယ် Infra တာဝန်ခံမရှိသည့်အတွက် အချို့သော လုပ်ငန်းမှာ အချိန်မှီပြီးစီးရန် နှောင့်နှေးကြန့်ကြာမှုများရှိနေပါသည်။

**သဲကုန်းမြို့နယ်**

သဲကုန်းမြို့နယ်တွင် Township infra လစ်လပ်နေဆဲဖြစ်ပါသဖြင့် အချိန်နှင့် တပြေးညီ ကွင်းဆင်းနိုင်ရန် ခက်ခဲခြင်းတို့ကြောင့် လုပ်ငန်းစဉ်များ နှောင့်နှေးမှုရှိပါသည်။

ယခုအချိန်တွင် Regional Infra မှ Township Infra ၏ လုပ်ငန်းတာဝန်များကို မြို့နယ် တွင်ရုံးထိုင်ကာ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

**ကွမ်းခြံကုန်းမြို့နယ်**

စတုတ္ထနှစ်စက်ဝန်းတွင် ဝန်ထမ်းများ နှုတ်ထွက်မှုများလာပြီး အချိန်မှီပြန်လည် အစားထိုးရန် အခက်အခဲရှိသောကြောင့် လုပ်ငန်းများနှောင့်နှေးခြင်း။ အထူးသဖြင့် လက်ထောက် နည်းပညာမှူး များအတွက် အတွေ့အကြုံရှိဝန်ထမ်းရရှိရန် ခက်ခဲခြင်းနှင့် အမျိုးသား ဝန်ထမ်းများ ခေါ်ယူရာတွင် ခက်ခဲခြင်း။

**ဓနုဖြူမြို့နယ်**

ဓနုဖြူမြို့နယ်တွင် လူထုစည်းရုံးရေးမှူးတစ်ဦး လစ်လပ်သဖြင့် အစားထိုးခန့်ထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဃ) **နယ်မြေ/လုံခြုံမှုဆိုင်ရာအခက်အခဲ**

**ငပုတောမြို့နယ်**

ငပုတောမြို့နယ်သည် ပင်လယ်ပြင် ပတ်လည်ဝန်းရံနေသော ဧရိယာဖြစ်၍ အလယ်ကျွန်း၊ ငရုတ်ကောင်း Cluster နှင့် ဟိုင်းကြီး Cluster များသို့ ကွင်းဆင်းသွားလာရာတွင် ဂရုစိုက်၍ သွားလာရပါသည်။

**ပျော်ဘွယ်မြို့နယ်**

ဝန်ထမ်းများလုယက်မှုမဖြစ်စေရေးအတွက် အလှမ်းဝေးကွာသော ကျေးရွာများသို့ သွားလာ ရာတွင် တစ်ဦးတစ်ယောက်တည်းမသွားရန်နှင့် တာဝန်ကျဝန်ထမ်း ၂ ဦး အတူသွားလာ လုပ်ကိုင် ကြရန် အစည်းအဝေးများတွင် အသိပေးဆောင်ရွက်ထားပါသည်။

**မောက်မယ်မြို့နယ်**

မောက်မယ်မြို့နယ်တွင် ကျေးရွာသို့ သွားမည်အစီအစဉ်နှင့် ဝန်ထမ်းစာရင်းများအား ကြိုတင် ကြောင်းကြားစာပို့ပြီး ဆောင်ရွက်မှုများ ပြုလုပ်နေပါသည်။

**မဘိမ်းမြို့နယ်**

မဘိမ်းမြို့နယ်မြေလုံခြုံရေးအနေဖြင့် ယခုလပိုင်းတွင် မြို့နယ်အစွန်ဘက်ကျသော ကျေးရွာများတွင် အနည်းငယ် လုံခြုံရေး အခက်အခဲ ရှိသည်။

**မိုင်းခတ်မြို့နယ်**

မိုင်းခတ်မြို့နယ် ဝန်ထမ်းများကွင်းဆင်းဆောင်ရွက်ရန် ဝန်ထမ်းကဒ်များ လိုအပ်ပါသည်။ ပြည်ထောင်စုအဆင့်သို့ တင်ပြထားပြီးလည်း ဖြစ်သည်။

**ပေါက်မြို့နယ်**

ရေနံလက်ယက်တွင်း တူးဖော်နေသည့်နယ်မြေများသို့ သွားရောက်ရာတွင် လုံခြုံမှု အားနည်းခြင်း၊ ကျေးရွာများတွင် အစည်းအဝေးများ ပြုလုပ်ရာတွင်လူစုရခက်ခဲခြင်းများ ကြုံတွေ့ရပါသည်။ ပေါက်မြို့နယ် လူထုဗဟိုပြုစီမံကိန်း ကျေးရွာ(၇)ရွာသည် သစ်တောဧရိယာအတွင်း တည်ရှိနေသောကြောင့် ၎င်း ကျေးရွာများတွင် စီမံကိန်းလုပ်ငန်းခွဲများ ဆောင်ရွက်ခွင့် ပြုနိုင်ရန် သစ်တောဦးစီးဌာနသို့ ဇန်နဝါရီလ နောက်ဆုံးအပတ်တွင် တင်ပြထားပါသည်။ ယခုအချိန်အထိ ခွင့်ပြုချက် မရရှိသေးသည့်အတွက် စီမံကိန်း လုပ်ငန်းခွဲများ စတင်ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း တင်ပြအပ်ပါသည်။

**ထီးလင်းမြို့နယ်**

နယ်မြေလုံခြုံမှု အနေဖြင့် ထူးခြားဖြစ်စဉ်မရှိ သော်လည်း COVID-19 အခြေအနေကြောင့် စီမံကိန်းကျေးရွာများသို့ ကွင်းဆင်းနိုင်မှုအခြေအနေ နည်းခြင်း၊ လူစုလူဝေးနှင့်လုပ်ရမည့် ကိစ္စများအား ယာယီရပ်ဆိုင်းထားရခြင်း၊ တစ်ချို့ကျေးရွာများတွင် စီမံကိန်း လုပ်ငန်းများအား ယာယီရပ်ဆိုင်းထားခြင်း နှင့် ကျေးရွာအတွင်း အဝင် အထွက်များ ယာယီပိတ်ပင်ထားခြင်း၊ ဝန်ထမ်းများအား လုပ်ငန်းအခြေအနေအပေါ် မူတည်ပြီး ချမှတ်ထားသောစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရုံးတက်နိုင်ရေး စီစဉ်ပေးနေရခြင်း စသည့်အခြေအနေများကြောင့် စီမံကိန်းလုပ်ငန်းများ နှောင့်နှေး ကြန့်ကြာနိုင်ပါသည်။

**ရွှေကူမြို့နယ်**

ယခုသုံးလပါတ်တွင် နယ်မြေလုံခြုံမှုဆိုင်ရာအခက်အခဲမရှိဘဲ အေးချမ်းတည်ငြိမ်လျက်ရှိပါသည်။ ကိုရိုနာကပ်ဘေးကြောင့် ကျန်ရှိသောလူထုစစ်ဆေးပွဲ(၅) ဆောင်ရန်ရန်အခက်အခဲဖြစ်ရပါသည်။

**လွိုင်ကော်+ရှားတောမြို့နယ်**

ရှားတောမြို့နယ်တွင် စီမံကိန်းလုပ်ငန်းခွဲဆောင်ရွက်နေစဉ်အတွင်း လစဉ်ကရင်နီ တိုးတက်ရေး အဖွဲ့(KNPP)သို့မိမိဆောင်ရွက်မည့်လုပ်ငန်း၊ ကွင်းဆင်းမည့်ကျေးရွာများ၏ စာရင်းအား အစီအစဉ် ရေးဆွဲတင်ပြရပါသည်။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

ဘောလခဲ၊ ဖားဆောင်းနှင့်မယ်စဲ့မြို့နယ်သည်ခက်ခဲသောဒေသဖြစ်ပြီး တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများလည်း ပေါင်းစုံရှိပါသည်။ ထိုနည်းတူတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့သည် မိမိတို့ ထိန်းချုပ်ရန်ဒေသများရှိပါသည်။ ထို့ကြောင့် စီမံကိန်းဝန်ထမ်းများသည် ကျေးရွာသို့ကွင်းဆင်းလိုလျှင် သက်ဆိုင်ရာတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများထံသို့ ခွင့်ပြုစာတောင်းပြီး ခွင့်ပြုမှသာ သွားရောက် ဆောင်ရွက်ရပါသည်။

ကယားပြည်နယ်သည် လက်ရှိတွင်ဒေသငြိမ်းချမ်းရေးဖြစ်စဉ်သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဖြစ်သည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီနှင့် မြန်မာနိုင်ငံအစိုးရတို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲအဆင့်တွင်သာ ရှိနေသေးကြောင့် ဝန်ထမ်းများ ကွင်းဆင်းရန်တွင် လုံခြုံရေးအတွက် အာမခံချက်မရှိပါ။ တနိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကိုလည်း လက်မှတ်မထိုးသေးသောကြောင့် ဝန်ထမ်းများသည် ကွင်းဆင်းလိုသည့် အချိန်တိုင်း ကွင်းဆင်း၍ မရနိုင်ပါ။

**ပုဏ္ဏားကျွန်းမြို့နယ်**

ပုဏ္ဏားကျွန်းမြို့နယ်အတွင်းတစ်ချို့ကျေးရွာများအုပ်စုများတွင် တိုက်ပွဲဖြစ်ပွား မှုများပိုမိုကျယ်ပြန့်လာပါသည်။ အထူးသဖြင့် ပုဏ္ဏားကျွန်းမြို့နှင့်နီးကပ်သောကျေး ရွာများတွင် ထိတွေ့မှုများပိုမိုများပြားလာခြင်းကြောင့် ဝန်ထမ်းများခရီးသွားလာ မှုပြုလုပ်ရန်ပိုမိုခက်ခဲလာပါသည်။ တချိန်တည်းတွင် ကပ်ရောဂါ ကိုဗစ်-၁၉ကူးစက်ဖြစ်ပွားမှု ပိုမိုကျယ့်ပြန့်လာခြင်းကြောင့် လူစုလူဝေးဖြင့်ပြုလုပ်ရသောအစည်းအဝေးများ၊ သင်တန်းများမပြု လုပ်နိုင်ဘဲ လုပ်ငန်းလုပ်ဆောင်မှုအား လုံးနီးပါး ရပ်တန့်လျှက်ရှိပါသည်။

**ပလက်ဝမြို့နယ်**

ပလက်ဝမြို့နယ်တွင် လုံခြုံရေးအခြေအနေရ အင်တာနတ်ဖြတ်တောက်ခြင်းနှင့် ဖုန်းလိုင်းများမကြာခဏဖြတ်တောက်ခံနေရသောကြောင့် စီမံကိန်းလုပ်ငန်းခွဲများသို့ ကွင်းဆင်းဆောင်ရွက်ရန် သွား/လာရန်ခက်ခဲ့ခြင်း ဝန်ထမ်းများမှာ ရုံးကိုပုံမှန် တက်ရောက်ရန်ခက်ခဲ့နေပါသည်။

**တွန်းဇံမြို့နယ်**

မြန်မာနိုင်ငံတွင် COVID 19 ရောဂါ စတင်တွေ့ရှိသည့် ပထမဆုံး နံပါတ် (၁) သည် တွန်းဇံမြို့နယ်နှင့် (၂၇)မိုင်တာ ကွာဝေးသည့် တီးတွန်မြို့နယ် မှ ဖြစ်သည့်အတွက် ဝန်ထမ်းများ၊ ကျေးရွာ လူထုသည် များစွာ ထိတ်လန့် သည့် အတွက် ၂၄.၃.၂၀၂၀ ရက်နေ့ တွင် စားနပ်ရိက္ခာများ ပျတ်သွားခြင်း၊ ကလေး - တီးတိန် - တွန်းဇံ ဆက်သွယ်ရေး ကားလမ်း၊ ဆိုင်ကယ်လားများ ခေတ္တပိတ်ထားခြင်းများ ရှိပါသည်။

**ရွှေကျင်မြို့နယ်**

ရွှေကျင်မြို့နယ်တွင် လက်ရှိဆောင်ရွက်နေသော ကျေးရွာများတွင် အခက်အခဲမရှိပါ။ ရဲသောင်ကျေးရွာအုပ်စုတွင် စီမံကိန်းလုပ်ငန်းများအား ခေတ္တရပ်ဆိုင်းထားပြီး ဆောင်ရွက်ခွင့် ရရှိနိုင်ရေးအတွက် ဆက်လက်ညှိနှိုင်းလျက်ရှိပါသည်။

ကရင်အမျိုးသားအစည်းအရုံး၏ထိန်းချုပ်နယ်မြေအတွင်းရှိသော ကျေးရွာအုပ်စု ၇ အုပ်စုရှိ ကျေးရွာပေါင်း ၁၃ ရွာ၏ စီမံကိန်းလုပ်ငန်းခွဲပေါင်း ၁၄ ခုမှာ ကရင်အမျိုးသား အစည်းအရုံးမှ ရပ်ဆိုင်းထား ရန်ညွှန်ကြားလာပါသဖြင့် (၂၀.၂.၂၀၂၀) မှစတင်ပြီး လုပ်ငန်းဆောင်ရွက်မှုများအား ခေတ္တရပ်ဆိုင်းထားပြီး ညှိနှိုင်း ဆောင်ရွက်မှုများ လုပ်ဆောင်လျှက်ရှိပါသည်။

**ကျောက်တန်းမြို့နယ်**

ကျောက်တန်းမြို့နယ်သည် ဆက်သွယ်ရေးကောင်းမွန်လာခြင်း ရှိသော်လည်း ပြည်တော်ပြန်များ များပြားလာသောကြောင့် ရောဂါကူးစက်မည်ကို စိုးရိမ်နေရပါသည်။

**ငပုတောမြို့နယ်**

ငပုတောမြို့နယ်တွင် ပင်လယ်ပြင် ပတ်လည်ဝန်းရံနေသော ဧရိယာဖြစ်၍ အလယ်ကျွန်း၊ ငရုတ်ကောင်း Cluster နှင့် ဟိုင်းကြီး Cluster များသို့ ကွင်းဆင်းသွားလာရာတွင် ဂရုစိုက်၍ သွားလာရပါသည်။

**၁၂။ အထောက်အပံ့လိုအပ်ချက်များ**

**၂၃။ (က) နည်းပညာ**

**ခနော်ဖြူမြို့နယ်**

ခနော်ဖြူမြို့နယ်သည် စီမံကိန်းလုပ်ငန်းခွဲများကို ဆောင်ရွက်ရန်နှင့် မဆောင်ရွက်မီ အချိန်တွင် အခြား မြို့နယ်များမှ လိုအပ်ချက်၊ အားသာချက်၊ အားနည်းချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး အဆင့် မှ Regional Infra (သို့) Township Infra Counterpart သို့ အပတ်စဉ် (သို့) လစဉ် သတင်းအချက်အလက်များကို မျှဝေပေးပို့စေချင်ပါသည်။

**ဆီဆိုင်မြို့နယ်**

ဆီဆိုင်မြို့နယ်တွင် မီးလင်းရေးလုပ်ငန်းများနည်းပညာ အခက်အခဲများရှိနေသည့်အတွက် ကြောင့်မီးလင်းရေးနှင့်ပတ်သက်သောမီးငြိမ်းစာအုပ်များထပ်မံ ထောက်ပံ့ ပေးစေလိုပါသည်။

**မောက်မယ်မြို့နယ်**

မောက်မယ်မြို့နယ်(Steel Structure)သံထည်ဖြင့် ဆောက်လုပ်သည့် နည်းပညာ/ကွန်ပျူတာ စေ့စပ်ညှိနှိုင်းရေး)သင်တန်းများ လိုအပ်ပါကြောင်းနှင့် အချိန်မှီပံ့ပိုးမှုပေးနိုင်ပါရန် တင်ပြပါသည်။

**မဘိမ်းမြို့နယ်**

မဘိမ်းမြို့နယ်၌ COVIT_19 ကြောင့် TPICနှင့်စီမံကိန်းလုပ်ငန်းခွဲများအတည်ပြု နိုင်ခြင်း မရှိသည့်အပေါ် လုပ်ငန်းကောင်အထည်ဖော် ဆောင်ရွက်နှောင့်နှေးမှုမရှိအောင် မြို့နယ် TPIC အား စေ့စပ် ညှိနိုင်းပေးရန်။

**မိုင်းခတ်မြို့နယ်**

မိုင်းခတ်မြို့တွင်လည်း အရေးပေါ်ကိစ္စများ ကူညီနိုင်ရန် ရှေးဦးသူနာပြုစုနည်းသင်တန်း (ကြက်ခြေနီသင်တန်း/ First Aid Training) များ ပို့ချပေးနိုင်ရန် လိုအပ်ကြောင်း တင်ပြအပ်ပါသည်။

**ထီးလင်းမြို့နယ်**

Union Infra Team မှလာရောက်စစ်ဆေး၍ လိုအပ်သည်များကို လမ်းညွှန်မှုပြုလုပ် စေလိုပါသည်။ Union M&E များ အနေဖြင့် အခါအားလျော်စွာ ကွင်းဆင်းလေ့လာပြီး လိုအပ်သည် များကို ဆွေးနွေးခြင်း၊ အကြံပြုခြင်းများ ဆောင်ရွက်စေလိုပါသည်။ Union Finance နှင့် Procurement များမှလည်း စီမံကိန်းမြို့နယ်များသို့ ကွင်းဆင်းလေ့ လာပြီး လိုအပ်သည်များကို ကူညီပံ့ပိုးပေးခြင်း၊ လမ်းညွှန်ပေးခြင်းများ ပြုလုပ်စေလိုပါသည်။ ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းပေးခြင်းများကို ပိုမိုဆောင်ရွက်စေလိုပါသည်။

**ဆောမြို့နယ်**

လက်ထောက်နည်းပညာမှူးများအတွက် Auto CAD 2D/3D ရေးဆွဲခြင်းသင်တန်းများ လိုအပ်နေသည့်အပြင် (ရေပေးရေး၊ Steel structure ၊ မီးလင်းရေး) လုပ်ငန်းများ Estimate တွက်ချက်ခြင်းသင်တန်းများ ပေးရန်လိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။

**မိုးကောင်းမြို့နယ်**

နောက်ဆုံးနှစ် စီမံကိန်းစက်ဝန်းတွင် ပြည်နယ်အဆင့်မှ TF များအား Design, Estimate များ တွက်ချက်ရာတွင်ကူညီပေးစေလိုပါသည်။

**ပူတာအိုမြို့နယ်**

လက်ထောက်နည်းပညာမှူးများအတွက် AutoCAD သင်တန်း လိုအပ်လျက်ရှိပါသည်။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

စတုတ္ထနှစ်စက်ဝန်းအတွက် နည်းပညာစည်းရုံးရေးမှူး(ဝန်ထမ်း)များသည် အသစ်များခြင်းကြောင့်သက်ဆိုင်ရာမြို့နယ်အင်ဂျင်နီယာများ၊ ပြည်နယ်အင်ဂျင်နီယာများမှ နည်းပညာပိုင်းဆိုင်ရာများ အထူးအကူအညီပေးနိုင်ပါရန် တင်ပြတောင်းဆိုအပ်ပါသည်။ လုပ်ငန်းခွဲခန့်မှန်းကုန်ကျစရိတ်နှင့် ဒီဇိုင်းများတွက်ချက်နေသည့်အချိန်တွင် သက်ဆိုင်ရာမြို့နယ်အင်/ယာများမှ ဝိုင်းဝန်း အကြံပေးပြုလုပ်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ အထူးသဖြင့် စီမံကိန်းလုပ်ငန်းခွဲမဖော်မီ ပြင်ဆင်သည့်

ကာလနှင့် လုပ်ငန်းခွဲများ အကောင်အထည်ဖော်နေစဉ်အတွင်း အနီးကပ်ကြီးကြပ်မှုများ ပြုလုပ်ပေးနိုင်ပါရန် တင်ပြတောင်းဆိုအပ်ပါသည်။

**ပုဏ္ဏားကျွန်းမြို့နယ်**

ကျေးရွာများတွင် ကျွမ်းကျင်လုပ်သားရှားပါးမှု ရှိနေပါသည်။ ကျွမ်းကျင်လုပ်သားများ ရရှိနိုင်ပါက လုပ်ငန်းလုပ်ဆောင်ရာတွင် အရည်အသွေးပို ကောင်းသောလုပ်ငန်းခွဲ များရရှိနိုင်မည်။

**ဝမြို့နယ်**

လက်ထောက်နည်းပညာမှူးများအတွက် Auto CAD သင်တန်း ဖွင့်လှစ်ပေးစေလိုပါသည်။

**ပလတ်ဝမြို့နယ်**

ကျန်ရှိသော စီမံကိန်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ရန် မြို့နယ် Infrastructure နှင့်ပူးပေါင်းဆောင်ရွက်ရန် ပြည်နယ် Infrastructure မှ ကူညီဆောင်ရွက်ပေးစေလိုပါသည်။ ကျေးရွာများတွင် ကျွမ်းကျင်လုပ်သားရှားပါးမှု ရှိနေပါသည်။ ကျွမ်းကျင်လုပ်သားများ ရရှိနိုင်ပါက လုပ်ငန်းလုပ်ဆောင်ရာတွင် အရည်အသွေးပို ကောင်းသော လုပ်ငန်းခွဲများ ရရှိနိုင်မည်။

**မတူပီမြို့နယ်**

အသေးစားရေအားလျှပ်စစ်စီမံကိန်းများအတွက် နည်းပညာပိုင်းဆိုင်ရာ တွက်ချက်မှု သင်တန်းများ ဖွင့်လှစ်ပို့ချပေးစေလိုပါသည်။

**တွန်းဇံမြို့နယ်**

Auto card training, Water, Electricity, စသည့်များနှင့် ပတ်သတ်သည့် လက်တွေ့သင်တန်းများ၊ Engineering equipment tools အသုံးပြုမှုများကို သင်တန်းများ ဆောင်ရွက်ပေးပါရန်။

**ပျဉ်းမနားမြို့နယ်**

CFs/TFs များအတွက်  Phase Out သင်တန်းများပေးရန်လိုအပ်ပါသည်။

**ကျောက်ကြီးမြို့နယ်**

ကျောက်ကြီးမြို့နယ်တွင် အချို့သော လုပ်ငန်းများမှာ အချိန်မှီပြီးစီးရန်ကြန့်ကြာမှုများ ရှိနေသည့်အတွက် တိုင်းဒေသကြီးအင်ဂျင်နီယာမှ အနီးကပ်ပံ့ပိုးမှုများ လိုအပ်လျှက် ရှိပါသည်။

**ရွှေကျင်မြို့နယ်**

ရွှေကျင်မြို့နယ် အနေဖြင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်း နှင့်ပတ်သက်၍ နည်းပညာပေး သင်တန်းများ ပံ့ပိုးပေးစေလိုပါသည်။

**ကွမ်းခြံကုန်းမြို့နယ်**

MIS စနစ်အား စီမံကိန်းလုပ်ငန်းမစတင်မှီတွင် အချိန်မှီရရှိအောင် ပြုလုပ်ပေးစေလိုပါ သည်။ လက်စွဲစာအုပ်ပြောင်းလဲမှုအခြေအနေအရ ပြည်ထောင်စုအဆင့် အနေဖြင့် ဘဏ္ဍာရေး၊ ဝယ်ယူရေး၊ ကျားမရေးရာ၊ ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းစနစ်၊ စောင့်ကြည့် ကြီးကြပ်ရေးနှင့် အကဲဖြတ် သုံးသပ်ရေးဆိုင်ရာ မွန်းမံသင်တန်းများ လုပ်ငန်းမစတင်မှီ ပြန်လည်ပြုလုပ်ပေး စေလိုပါသည်။ လက်ထောက်နည်းပညာမှူးများအတွက် အင်ဂျင်နီယာနည်းပညာဆိုင်ရာ သင်တန်းများကို များများ ဆောင်ရွက်ပေးသင့်ပါသည်။

**ခနုဖြူမြို့နယ်**

ခနုဖြူမြို့နယ်တွင် စီမံကိန်းလုပ်ငန်းခွဲများကို ဆောင်ရွက်ရန်နှင့် မဆောင်ရွက်မီ အချိန် တွင် အခြား မြို့နယ်များမှ လိုအပ်ချက်၊ အားသာချက်၊ အားနည်းချက် များကို သက်ဆိုင်ရာ တိုင်းဒေသကြီး အဆင့် မှ Regional Infra (သို့) Township Infra Counterpart သို့ အပတ်စဉ် (သို့) လစဉ် သတင်း အချက်အလက်များကို မျှဝေပေးပို့စေချင်ပါသည်။

**(ခ) စီမံကိန်း အသုံးအဆောင်ပစ္စည်း**

**ခနုဖြူမြို့နယ်**

ခနုဖြူမြို့နယ်အနေဖြင့် Copier (၁)လုံး သာ ရှိသည့်အတွက် စက်ပျက်ပါက အပြင်မှာ ကူးရ သည့် အတွက် ကုန်ကျစရိတ်များခြင်း၊ လုပ်ငန်းနှောင့်နှေးခြင်းများ ရှိသောကြောင့် နောက် တစ်လုံး ရရှိပါက လုပ်ငန်း ပိုမိုအဆင်ပြေမည်ဖြစ်ပါသည်။

**ဆီဆိုင်မြို့နယ်**

ဆီဆိုင်မြို့နယ် လူထုဗဟိုပြုစီမံကိန်းအနေဖြင့် video camera လက်ခံရရှိထားခြင်း မရှိသည့် အတွက် video ရိုက်ကူးရန် အခက်များရှိနေသောကြောင့် video camera တစ်လုံး ထောက်ပံ့ပေးရန် လိုအပ်ပါမည်။

**မိုင်းခတ်မြို့နယ်**

မိုင်းခတ်မြို့နယ် စီမံကိန်းလုပ်ငန်းခွဲ ဒီဇိုင်းနှင့် တွက်ချက်မှုများ အား Print အချိန်မီထုတ်နိုင်ရန် ဒေသတွင်းအသုံးများသော Cartridge အလွယ်တကူ ဝယ်ယူဖြည့်တင်း နိုင်သော Printer (၁) လုံး ပံ့ပိုး ပေးနိုင်ပါက ပိုမိုအဆင်ပြေနိုင် ပါကြောင်း တင်ပြအပ်ပါသည်။

**ပူတာအိုမြို့နယ်**

First Aid Kit များနှင့် ဆိုင်ကယ်အပိုပစ္စည်းများ လိုအပ်လျက်ရှိသည်။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

မော်တော်ဆိုင်ကယ်အကြီး (HONDA-DT-125) တစ်စီးအား ပြန်လည်ပြင်ဆင်နိုင်ရေး ပြည်ထောင်စုအဆင့်မှ ကူညီဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။ ဗီဒီယိုကင်မရာသည် လက်ရှိ အချိန်ထိမရောက်ရှိသေးသောကြောင့် ပံ့ပိုးမည့် အစီအစဉ်ရှိပါက အမြန်ဆုံး ပံ့ပိုးပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ စီမံကိန်းမှ ပံ့ပိုးပေးသော TVS အမျိုးအစားမော်တော်ဆိုင်ကယ်သည် အင်ဂျင်ပါဝါ(110 cc) သာ ရှိသောကြောင့် မော်ချီးဒေသသို့သွားရောက်သည့်အခါ တောင်မတက်နိုင်ခြင်းနှင့် ကြုံတွေ့ရသောကြောင့် ၎င်းအစား အင်ဂျင်ပါဝါ (125 cc) အမျိုးအစားတရုတ် Kenbo ဆိုင်ကယ် ထောက်ပံ့ပေးနိုင်ပါက ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**ပုဏ္ဏားကျွန်းမြို့နယ်**

မြို့နယ်အတွင်း ပစ္စည်းဝယ်ယူရာတွင် ဈေးနှုန်းအပြောင်းအလဲရှိနေခြင်းကြောင့် ပစ္စည်းများ ဝယ်ယူရာတွင် ခက်ခဲသည်။ ရေလမ်းခရီးအသုံးပြုရသောကျေးရွာများ (ချောင်းငယ်များအနီး တည်ရှိသောကျေးရွာများ) တွင် လုပ်ငန်းသုံးပစ္စည်းများ အချိန်မီရောက်ရှိရန်ခက်ခဲနေသည်။ ချောင်းငယ်များ ကျဉ်းမြောင်းခြင်း၊ ချောင်တွင်းရွံ့များထူခြင်းတို့ကြောင့် ပစ္စည်းသယ် ယူမည့်စက်လှေများ အလွယ်တကူမဝင်ရောက်နိုင်ခြင်းတို့ကြောင့် သယ်ယူစရိတ်များ ကြီးမားမှုရှိနေသည်။

**ဝွမြို့နယ်**

ပထမနှစ်အတွေ့အကြုံပေါ် အခြေခံပြီး လိုအပ်သည်များကို ပြင်ဆင်နိုင်ခဲ့သဖြင့် နည်းပညာပိုင်းဆိုင်ရာ ထောက်ပံ့မှုများ ပိုမိုပံ့ပိုးပေးနိုင်ခဲ့ပါသည်။

**မတူပီမြို့နယ်**

လက်ရှိဖြစ်ပေါ်နေသည့် Covid-19 virus ကာကွယ်နိုင်ရန် ဝန်ထမ်းများအတွက် Marks, Hand gel များနှင့် ရုံးသို့လာရောက်သည့် ဧည့်သည်များအတွက် လက်ဆေးဘေစင်၊ ကာဘော်လိပ်ဆပ်ပြာခဲ (သို့) လက်ဆေးဆပ်ပြာရည်၊ လက်ဆေးရန် ရေများလုံလုံ လောက်လောက်ထောက်ပံ့ပေးရန် လိုအပ်ပါသည်။

**တွန်းဇံမြို့နယ်**

ဆိုင်ကယ် အရံထားရှိပေးရန် (125)ကျေးရွာများအတွက် ထပ်မံလိုအပ်သည့် ဗွီနိုင်းများ ပံ့ပိုးပေးပါရန် COVID 19 ရောဂါထိန်းချုပ် ကာကွယ်တားဆီးရေး အတွက် အကာအကွယ်ပစ္စည်းများ ဖြစ်သည့် ဆပ်ပြာ၊ နှာခေါင်းစည်း၊ Hand Gel ၊ အပူချိန်တိုင်း ကိရိယာများကို ဝန်ထမ်းများ အတွက် ပံ့ပိုးပေးပါရန်၊

**ပျဉ်းမနားမြို့နယ်**

လက်ရှိ Infra File များထားရှိရန်အတွက်ဗီဒိုများလိုအပ်ပါသည်။ စီမံကိန်းသုံးမော်တော်ယဉ်မှာ ပျက်စီးယိုယွင်းသွားပါသဖြင့် တောင်ပေါ်ဒေသများနှင့် ဝေးလံ သောကျေးရွာများရှိ လုပ်ငန်းများအပေါ် ကွင်းဆင်းဆောင်ရွက်နိုင်ရန်အတွက် မော်တော်ယဉ် အစားထိုး ပံ့ပိုးပေးရန် တင်ပြလိုပါသည်။

**ကျောက်တန်းမြို့နယ်**

နေပြည်တော်သို့ ပေးပို့ထားသော Tablet (၂) လုံးအား ပြုပြင်ပြီး မြို့နယ်သို့ အမြန်ဆုံး ပေးပို့ပေးပါရန် တင်ပြအပ်ပါသည်။

**ကွမ်းခြံကုန်းမြို့နယ်**

စီမံကိန်းပစ္စည်းများပျက်သဖြင့် တင်ပြရာတွင် အမြန်ဆုံးဖြေရှင်းနိုင်ရန်အတွက် ညွှန်ကြားမှုများ မြန်မြန်ပေးစေလိုပါသည်။ သို့မှသာလျှင် လုပ်ငန်းနှောင့်နှေးမှုမရှိမှာ ဖြစ်ပါသည်။ (တက်ဘလက်များ၊ ဆိုင်ကယ်များ) စီမံကိန်းစက်ဝန်းအလိုက် ဖိုင်တွဲများထားရှိရန်အတွက် ဘီဒိုများ (သို့) ဖိုင်တွဲများ စနစ်တကျ ထားရှိနိုင်အောင် နေရာများ ဆောင်ရွက်ပေးသင့်ပါသည်။

**ခနောဖြူမြို့နယ်**

ခနောဖြူမြို့နယ်တွင် Copier (၁)လုံး သာ ရှိသည့်အတွက် စက်ပျက်ပါက အပြင်မှာ ကူးရသည့်အတွက် ကုန်ကျစရိတ်များခြင်း၊ လုပ်ငန်းနှောင့်နှေးခြင်းများ ရှိသောကြောင့် နောက်တစ်လုံး ရရှိပါက လုပ်ငန်း ပိုမိုအဆင်ပြေမည် ဖြစ်ပါသည်။

**(ဂ) ဝန်ထမ်းအခြေအနေ**

**အင်္ဂပူမြို့နယ်**

အင်္ဂပူမြို့နယ်သည် Gender & Training TTA ဝန်ထမ်းတစ်ဦး မရှိသည့်အတွက် ဖြစ်နိုင်ပါက ခန့်ထားပေးစေလိုပါသည်။

**ဆီဆိုင်မြို့နယ်**

ဆီဆိုင်မြို့နယ်၌ လူထုစည်းရုံးရေမှူး (နန်းငယ်ငယ်ထွေး) တစ်ဦးသည် မီးဖွားခွင့် (၃) လ ယူထားသဖြင့် လူထုစည်းရုံးရေးမှူး တစ်ယောက် ယာယီအစားထိုး (releaving) ပြုနိုင်ရန် လိုအပ်မည်ဖြစ်ပါသည်။

**မဘိမ်းမြို့နယ်**

မဘိမ်းမြို့နယ်တွင် ပြည်ထဲရေး အမည်ပေါက် ကျေးရွာ (၄၈) ရွာ အတွက်သာ TFs/CFs တွက်ချက် ချမှတ်ပေးခဲ့ပါသည်။ ပြည်ထဲရေး အမည်မပေါက်ကျေးရွာ ထက်တိုး (၉)ရွာ အတွက် CFs - ၁ ဦး/TFs ၁ ဦး စုစုပေါင်း(၂) ဦး တိုး မြင့် ခန့်ထား ပေးစေလိုပါသည်။

**ပေါက်မြို့နယ်**

ပေါက်မြို့နယ်အနေဖြင့် Civil အင်ဂျင်နီယာ တစ်ဦး အမြန်ခန့်ထားပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**ဆောမြို့နယ်**

ဝန်ထမ်းများ အတွက် အသက်အာမခံ ထားရှိပေးရန် (ခန္ဓာကိုယ် အစိတ်အပိုင်များ အားလုံး အတွက်)၊ ဝန်ထမ်းများအတွက် လိုအပ်သော သင်တန်းများ ထပ်မံပေးစေလိုကြောင်း တင်ပြအပ်ပါသည်။ (ဥပမာ- ကွန်ပျူတာ သင်တန်း၊ အင်္ဂလိပ်စာ စကားပြောသင်တန်း၊ 2D/3D Audo CAD သင်တန်းများ)

**ပုတာအိုမြို့နယ်**

လူထုဗဟိုပြုစီမံကိန်းတွင် တာဝန်ချထားပေးသော ကျေးလက်ဦးစီးမှ ဝန်ထမ်းများ စီမံကိန်းတွင် အချိန်ပိုပေးနိုင်ရန်အတွက် ဝန်ထမ်းအင်အား ထပ်မံချထားပေးရန် လိုအပ်ပါသည်။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

ပြည်ထောင်စုအဆင့်မှလည်း ကွင်းဆင်းဝန်ထမ်းများ အပြောင်းအလဲမများရန်အတွက် ဝန်ထမ်းများ၏ စိတ်ပိုင်းဆိုင်ရာတက်ကြွမှုရှိစေရန် လိုအပ်သောသင်တန်း၊ ဆွေးနွေးပွဲနှင့် လေ့လာရေး အစီအစဉ်များ ရေးဆွဲပြီးအကောင်အထည်ဖော်ပေးပါရန် တင်ပြအပ်ပါသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မယ်စဲ့မြို့နယ်မှ Infra Counterpart ကိုလည်း လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းများတွင် ပိုမိုပါဝင်ကူညီ လုပ်ဆောင်နိုင်ရန်အတွက် ပြည်ထောင်စု အဆင့်နှင့်ပြည်နယ် အဆင့်မှ ကူညီပေးရန်တင်ပြအပ်ပါသည်။

**ကျောက်ကြီးမြို့နယ်**

ယခုဖြစ်ပွားလျှက်ရှိသော COVID 19 ကပ်ရောဂါကြောင့် လူထုဗဟိုပြုစီမံကိန်း၏ အချို့သော စီမံကိန်းလုပ်ငန်းခွဲများမှာ ၁၀၀ ရာခိုင်နှုန်းပြီးစီးသော်လည်း လူထုစစ်ဆေးပွဲများမကျင်းပနိုင်ခြင်း၊ အချို့ သောစီမံကိန်းလုပ်ငန်းခွဲများမှာ အချိန်မှီပြီးစီးရန်နှောင့်နှေးကြန့်ကြာမှုများရှိနေပါသည်။

### ရွှေကျင်မြို့နယ်

ရွှေကျင်မြို့နယ်တွင် ပြည်တော်ပြန်များ အများအပြားရှိနေသည့်အတွက် ဝန်ထမ်းများ၏ ကျန်းမာရေးအတွက်လည်း စိုးရိမ်ပူပန်မှုများ ရှိနေပါသည်။

### ကွမ်းခြံကုန်းမြို့နယ်

ဘဏ္ဍာရေးပိုင်းတွင် နေပြည်တော်အနေဖြင့် သက်ဆိုင်ရာကဏ္ဍများအတွက် အစည်းအဝေးများ၊ သင်တန်းများပြုလုပ်ရန် လျာထားသော အစီအစဉ်များအား မြို့နယ်များသို့ သုံးလပါတ် ဘဏ္ဍာရေး အစီအစဉ်မဆွဲမှီ ကြိုတင်ပေးပို့စေလိုပါသည်။ သို့မှသာ ဘဏ္ဍာရေးအစီအစဉ်အတွက် ပိုမိုမှန်ကန်လာစေပါမည်။ (အထူးသဖြင့် CSAG ၏ ၃ လ အတွင်းဆောင်ရွက်မည့် အစည်းအဝေး၊ သင်တန်း၊ ပြပွဲများ)ဝန်ထမ်းများထွက်သွားပါက အမြန်ဆုံးပြန်လည်ဖြည့်တင်းပေးစေလိုပါသည်။

### အင်္ဂပူမြို့နယ်

အင်္ဂပူမြို့နယ်တွင် Gender & Training TTA ဝန်ထမ်းတစ်ဦး မရှိသည့်အတွက် ဖြစ်နိုင်ပါက ခန့်ထားပေးစေလိုပါသည်။

## ၁၃။ ပြည်နယ်/တိုင်း နှင့် မြို့နယ်များ၏ အကြံပြုချက်များ

### ရမည်းသင်းမြို့နယ်

စီမံကိန်းနောက်ဆုံးနှစ်ဖြစ်ပြီး ထောက်ပံ့ငွေ (၁) ဖြစ်အောင်သုံးရမည် ဖြစ်သောကြောင့် လုပ်ငန်းများ ရွေးချယ်ရာတွင် အချို့ကျေးရွာများ၌ အခက်အခဲရှိပါသည်။ နောက်ဆုံးနှစ်ဖြစ်ပြီး ကျေးရွာ လုပ်ငန်းခွဲ များကို လူထုလုပ်အားဖြင့် ဆောင်ရွက်လိုသော်လည်း လမ်းလုပ်ငန်းများအတွက် လမ်းကြိတ်စက် ငှားရမ်းရာတွင် အခက်အခဲရှိပါသည်။ ယခုအချိန်တွင် Covid 19 ကပ်ရောဂါကြောင့် ကျေးရွာသူ/သားများ၊ ဝန်ထမ်းများ အတွက်စိတ်ဖိစီးမှုရှိနေပြီး အလုပ်အပေါ်တွင် အာရုံစိုက်မှု နည်းနေပါသည်။ ဝန်ထမ်းများစိုးရိမ်စိတ်ဖြင့် ရွာဆင်းနေရပါသည်။ ကပ်ရောဂါအတွက် အကာအကွယ်ပစ္စည်းများ မြို့နယ်တွင် ဝယ်ယူရ ခက်ခဲနေပါသည်။ဝန်ထမ်းများအတွက် ဆက်လက်ပံ့ပိုးပေးစေချင်ပါ သည်။လူစုလူဝေးဖြင့်ဆောင်ရွက်ရသော စီမံကိန်းလုပ်ငန်းများ ရပ်တန့် ထားရပါသည်။

### ပျော်ဘွယ်မြို့နယ်

Covid-19 ကာလအတွင်းနောက်ကျခဲ့သော စီမံကိန်းလုပ်ငန်းခွဲများ အချိန်မီ စတင်နိုင်ရေး အတွက် လိုအပ်သည့် ညွှန်ကြားချက်များပေးရန်လိုအပ်ပါသည်။

### နွားထိုးကြီးမြို့နယ်

စတုတ္ထနှစ်စက်ဝန်း လုပ်ငန်းများဆောင်ရွက်ပြီးချိန် ၂၀၂၀ နှစ်လယ် ခန့်တွင် မြို့နယ်အဆင့် လည်ပတ်ပြုပြင်ထိန်းသိမ်းရေး ကော်မတီဝင် များ၏ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ၍ (၄)နှစ်တာ ဆောင်ရွက်ခဲ့သော လုပ်ငန်းအားလုံးအတွက် ဆက်လက်ဆောင်ရွက်ရန်များ ဆွေးနွေး ဖော်ထုတ်သင့်ပါသည်။

**ဆီဆိုင်/ မောက်မယ်/ မဘိမ်း/ မိုင်းခတ်မြို့နယ်**

ဆီဆိုင်/ မောက်မယ်/ မဘိမ်း/ မိုင်းခတ်မြို့နယ်များ၌ COVIT-19 ကာကွယ်တားဆီးရန် အရေးကြီးချိန်တွင် စီမံကိန်းဝန်ထမ်းများအနေဖြင့် အခြေအနေပေးပါက လုပ်ငန်း ကြီးကြပ်ရန် ကျေးရွာဆင်းချိန် သတိထား ကာကွယ်မှုများ ဆောင်ရွက်နိုင်ရန် အတွက် လက်ဆေးဂျယ်များ၊ နှာခေါင်းစည်းများ၊ လက်အိတ်များအား လုံလောက်စွာ (သို့မဟုတ် ) သင့်လျော်သင့်ဈေးနှုန်းဖြင့်ရရှိရန် ထောက်ပံ့သင့်သည်။စီမံကိန်းဝန်ထမ်းများ Facilities Quarantine, Home Quarantine စသည် တို့တွင် ပါရှိခဲ့ပါက လစာနှင့် ခံစားခွင့်များ နစ်နာမှု မရှိအောင် ထည့်သွင်းစဉ်းစား ကူညီပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**ပေါက်မြို့နယ်**

ယခုသုံးလပတ်အတွင်း စီမံကိန်းလုပ်ငန်းခွဲများအားလုံး စတင်နိုင်ခဲ့သော်လည်း COVID 19 ရောဂါကြောင့် ဝန်ထမ်းများ ၅၀% အလှည့်ကျ ရုံးတက်ခြင်း၊ ကျေးရွာများသို့ သွားရောက်ရန် Safe မဖြစ်ခြင်း၊ အချို့ကျေးရွာများမှ စီမံကိန်းဝန်ထမ်းများအား လာရောက်ခွင့်မပြုခြင်း၊ ကျေးရွာတိုင်းတွင် COVID 19 ရောဂါ ကြိုတင်ကာကွယ်ကုသ ထိန်းချုပ်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေရခြင်း၊ လုပ်ငန်းသုံးပစ္စည်းများ ရရှိရန် ခက်ခဲလာခြင်း စသည်တို့ကြောင့် စီမံကိန်းလုပ်ငန်းများ ခေတ္တ ဆိုင်းငံ့ရခြင်း၊ လုပ်ငန်းများ ပြီးစီးချိန်နောက်ကျခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။ COVID 19 ရောဂါကြောင့် လုပ်ငန်းဆောင်ရွက်ထားရှိမှုများ သတင်းပါရှိရေးတွင် အခက်အခဲရှိခဲ့ပါသည်။ အပြည် ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနား ဆောင်ရွက်ရန် စီစဉ်ထားသော်လည်း COVID 19 ရောဂါကြောင့် ဆောင်ရွက် နိုင်ခြင်းမရှိခဲ့ပါ။ မြို့နယ်အဆင့် ဝေဖန်အကြံပြုစာအချို့ကိုလည်း COVID 19 ရောဂါကြောင့် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ဖြေရှင်းပေးရန် အခက်အခဲဖြစ်ပေါ်နေသဖြင့် လမ်းညွှန်မှုပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

**ဆောမြို့နယ်**

Operation Manual အား အချိန်နှင့် တပြေးညီ ပြန်လည် ပြင်ဆင်ချက် ပေးပို့ပါရန် လိုအပ် ကြောင်း၊ Phase Out Guide Line (Myanmar Version)အား ပေးပို့စေလိုကြောင်း တင်ပြအပ်ပါ သည်။

**မိုးကောင်းမြို့နယ်**

မိုးကောင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးအနေဖြင့် မိတ္တူကူးစက်များ၊ **Printer** စက်များ ပျက်ပါကချက်ချင်းပြုပြင်ဖြေရှင်းပေးစေလိုပါသည်။ ကျေးရွာများတွင်ဖြန့်ဝေထားသော စီမံကိန်း ဗွီနိုင်းများမှာမိုးတွင်းကာလတွင်လေတိုက်ခြင်း၊ မိုးစိုခြင်းများကြောင့်အချို့သော ကျေးရွာများတွင် ပျက်စီးနေပါသဖြင့် ပျက်စီးသွားသော ကျေးရွာများအတွက် ဗီနိုင်းများပြန်လည်ထုတ်ဝေပေးပါရန် အကြံပြု တင်ပြအပ်ပါသည်။

**ပူတာအိုမြို့နယ်**

ဆောက်လုပ်ရေးပစ္စည်း သယ်ယူစရိတ်များပြားခြင်းကြောင့် ကျေးရွာအုပ်စုများကို ရန်ပုံငွေ ပိုမိုချထားပေးရန် လိုအပ်ပါသည်။ ယခုအခါ COVID – 19 ကပ်ရောဂါအခြေနေ ကြောင့် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြန့်ကြာမှုများ ကြုံတွေ့ရသည်။ တတိယနှစ် စီမံကိန်း စက်ဝန်းကာလကို တိုးမြှင့်သတ်မှတ်ခြင်း၊ လူစုဝေးရန်မလိုသော Training Design များကို Union Training Team က ပြောင်းလဲရေးဆွဲခြင်း နှင့် အချိန်ယူရသည့် စီမံကိန်း လုပ်ငန်းစဉ်များကို (ဥပမာ-ဈေးနှုန်းစုံစမ်းပြီး ၇ ရက်အကြာမှ ကုန်ပစ္စည်းဝယ်ယူနိုင်သော ဝယ်ယူရေးလုပ်ငန်းစဉ်) အချိန် ပြောင်းလဲသတ်မှတ်ပေးသော ညွှန်ကြားချက်များ ချထားပေးလျက် စီမံကိန်းစက်ဝန်း၏ ကုန်ဆုံးသွားသော အချိန်များကို ပြန်လည်ကုစားနိုင်မည် ဖြစ်ပါသည်။

**လွိုင်ကော်+ရှားတောမြို့နယ်**

ကျေးရွာများအတွက် စာရွက်စာတမ်းများ၊ ကျေးရွာဖွံ့ဖြိုးမှုအစီအစဉ်များ ပြည့်စုံစွာ ရှိသော်လည်းကျေးရွာအုပ်စုအတွက် အစီအစဉ်များပိုမိုပြည့်စုံအောင် ထားရှိနိုင်ပါက ကျေးရွာအုပ်စုဖွံ့ဖြိုးမှုအတွက် ကောင်းမွန်ပါမည်ဟု အကြံပြုပါသည်။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်သည် ခရီးဝေးကွာခြင်းနှင့် ခက်ခဲခြင်းကြောင့် ထောက်ပံ့ငွေ (BG)များကို စီမံကိန်းလက်စွဲစာအုပ်အတိုင်း ဆုံးဖြတ်ခြင်းမဟုတ်ပဲ ဒေသအလိုက် လိုအပ်ချက်များအပေါ်အခြေခံပြီး ကူညီထောက်ပံ့စေလိုပါသည်။ လူထုဗဟို ပြုစီမံကိန်း ပြီးသွားသည့် အခါ ကွင်းဆင်းဝန်ထမ်းများသည် အလုပ်လက်မဲ့များမဖြစ်စေရေးသက်ဆိုင်ရာ ပြည်နယ် အဆင့် မှတဆင့်ပြည်ထောင်စုအဆင့်ထိအလုပ် ရရှိနိုင်သော အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပါရန် တင်ပြ တောင်းဆိုအပ်သည်။ ကျေးရွာအဆင့်များတွင်လည်း လူထုဗဟိုပြုစီမံကိန်းမှ ဖွဲ့စည်းပြီး ဖြစ်သော ကော်မတီများသည် လည်းစီမံကိန်းပြီးသွားသည့်အခါ ကော်မတီဖွဲ့စည်းပုံမပျက်သွားစေရေးနှင့် ကော်မတီများဆက်လက်ရပ်တည်တက်ကြွစွာ မိမိတို့၏ဒေသ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင် လုပ်ဆောင်စေရန် သက်ဆိုင်ရာဌာနမှ ကောင်းမွန်သော အစီအစဉ်များ ၊လုပ်ငန်းစဉ်များရေးဆွဲ ကာ အကောင်အထည်ဖော်စေရေး တင်ပြ အကြံပြုလိုပါသည်။

မိမိတို့ ဖားဆောင်းမြို့နယ်အနေဖြင့် ဒုတိယနှစ်မှစတင်ကာ ဝင်ခွင့်မရရှိသော ကျေးရွာအုပ်စုရှိ ကျေးရွာများအတွက် ၎င်းတို့၏ အခွင့်အရေးမဆုံးရှုံးစေရေး စီမံကိန်းလုပ်ငန်းများ အကောင်အထည် ဖော်နိုင်ရန်အတွက် လာမည့်နှစ်များတွင် သက်ဆိုင်ရာ ဒေသခံလက်နက်ကိုင်အဖွဲ့နှင့် ချိတ်ဆက် ကာ ဆက်လက်ဆွေးနွေးရန် အကြံပြုလိုပါသည်။

**ပုဏ္ဏားကျွန်းမြို့နယ်**

ဒေသတွင်းပိုမိုပြင်းထန်သော စစ်ပွဲဆက်လက်ဖြစ်ပွားနေခြင်း၊ ကူးစက်ရောဂါပျံ့နှံ့ဖြစ်ပွား နေခြင်းတို့ကြောင့် စီမံကိန်းလုပ်ငန်းများကို ဆက်လက်အကောင် အထည်ဖော် လုပ်ဆောင်ရန် ခက်ခဲ နေပါသည်။

### ဝွမြို့နယ်

စီမံကိန်းတွင် အသုံးပြုသော form ပုံစံများမှာ များပြားသဖြင့် ကျေးရွာအဆင့်တွင် အသုံးပြုရန် အနည်းငယ် အခက်အခဲရှိပါသည်။ အထူးသဖြင့် စာတတ်မြောက်မှုအား နည်းသော ကျေးရွာ များတွင် ပုံစံများမဖြည့်သွင်းနိုင်ကြပါ။ ထို့ကြောင့် ဖြစ်နိုင်လျှင် ပုံစံအရေအတွက်ကို လျှော့ချပေးစေချင်ပါသည်။

### မတူပီမြို့နယ်

စီမံကိန်းနှင့် ပတ်သက်သော အချက် အလက်များ၊ အစီရင်ခံစာများ တောင်းခံရာတွင် ပုံမှန်ပြုစု နေကျပုံစံဖြင့်သာ တောင်းခံစေလိုပါသည်။ အချို့အချက်အလက်များပြားသည့် စာရင်းများမှာ ပုံမှန် စာရင်းမှ လတ်တလောတောင်းခံသည့် စာရင်းပုံစံသို့ ထည့်သွင်းရန် အချိန်ကြာမြင့်ခြင်း၊ အခက်အခဲ ရှိခြင်းမျိုးဖြစ်တတ်သောကြောင့် ဖြစ်ပါသည်။

### ပျဉ်းမနားမြို့နယ်

နောက်ဆုံးနှစ်ဖြစ်သည့်အတွက် ကျေးရွာဖိုင်များ၊ VDP စာအုပ်များ လုံခြုံစွာသိမ်းဆည်းထား နိုင်ရေးအတွက် သင့်တော်သည့်ဗီဒိုများအချိန်မီခွင့်ပြုသင့်ပါကြောင်းတင်ပြ အပ်ပါသည်။ စီမံကိန်း သုံး မော်တော်ယဉ်မှာ ပျက်စီးယိုယွင်းသွားပါသဖြင့် တောင်ပေါ်ဒေသများနှင့် ဝေးလံသောကျေးရွာများရှိ လုပ်ငန်းများအပေါ် ကွင်းဆင်းဆောင်ရွက်နိုင်ရန်အတွက် မော်တော်ယာဉ်အစားထိုးပံ့ပိုးပေးရန် တင်ပြအပ်ပါသည်။

### ကျောက်ကြီးမြို့နယ်

ကျောက်ကြီးမြို့နယ်အနေဖြင့် တိုင်းဒေသကြီးလူထုဗဟိုပြုစီမံကိန်းရုံးမှ မြို့နယ်များသို့ ဆင်းပြီး ပံ့ပိုးကူညီမှုများပြုလုပ်ပေးစေလိုပါသည်။ (ဝယ်ယူရေး၊ Infra)

### ပန်းတောင်းမြို့နယ်

ပန်းတောင်းမြို့နယ်အနေဖြင့် ပြည်ထောင်စုအဆင့်မှ (၃)လတစ်ကြိမ် လုပ်ငန်းညှိနှိုင်းမှုများ ကွင်းဆင်းဆောင်ရွက်ပေးစေလိုပါသည်။

### ရွှေကျင်မြို့နယ်

ရွှေကျင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖောင် ဆောင်ရွက်လျှက်ရှိသော မြို့နယ်များအား ၁ လတစ်ကြိမ်သော် လည်းကောင်း၊ သုံးလ ၁ ကြိမ်သော် လည်ကောင်း လုပ်ငန်းညှိနှိုင်း အစည်းအဝေးများအား တိုင်းရုံးတွင် ကျင်းပပြုလုပ်စေလိုပါသည်။

### ပေါင်မြို့နယ်

စီမံကိန်းနောက်ဆုံးနှစ်များတွင် လုပ်ငန်းတစ်ဝက်တစ်ပျက်ဖြင့် ဝန်ထမ်းများ အလုပ်ထွက် သွားသည်များကို စာချုပ်ဖြင့် (သို့) နည်းလမ်းတစ်ခုခုဖြင့် ထိန်းချုပ်ပေးစေလိုပါသည်။ ငွေကြေး ချမ်း

